# စစ်တလင်းမှ
# ခြောက်သွေ့မြေအဖြစ်သို့





ရှမ်းပြည်နယ် နမ့်တိန်းမြစ်ပေါ်မှ ဆည်များနှင့် ပဋိပက္ခ

J

# စစ်တလင်းမှ
# ခြောက်သွေ့မြေအဖြစ်သို့

ရှမ်းပြည်နယ် နမ့်တိန်းမြစ်ပေါ်မှ ဆည်များနှင့် ပဋိပက္ခ

# မာတိကာ


အကျဉ်းချုပ် ဖော်ပြချက် ........ ၄

စစ်ရေးယှဉ်ပြိုင်မှုမြင့်မားနေသည့်နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းနေသော နမ့်တိန်းမြစ်၏ သမိုင်းကြောင်းနှင့် စဉ်လာယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု ........ ၉

- ရှမ်း ရှိမီယို နှင့် ဂျူးလီးယက် တို့မွေးရပ်မြေ ........ ၁၁
- ရှမ်းအမျိုးသား ခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့၏ ပင်မ အသက်သွေးကြော .... ၁၄
- ၁၉၉၆ - ၁၉၉၈ ခုနှစ်တွင် နမ့်တိန်းမြစ်တလျှောက် နယ်မြေဒေသများအတွင်း နေထိုင်ကြသည့် ရှမ်းပြည်သူများအား အစိုးရစစ်တပ်က အဓမ္မ ရပ်ရွာရွှေ့ပြောင်းခဲ့ခြင်း ........ ၁၆
- ရှမ်းပြည် အလယ်ပိုင်းဒေသတွင် မြန်မာအစိုးရစစ်တပ်က စစ်အင်အားတည်ဆောက်ခြင်း ........ ၁၈

ကျိုင်းတောင်းဒေသ၏ နောက်ခံသမိုင်းကြောင်း ........ ၂၃

ကျိုင်းတောင်းနယ်မြေအတွင်း အစိုးရစစ်တပ်၏ စစ်အင်အားတည်ဆောက်မှု ........ ၂၅

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ........ ၂၆

ကျိုင်းတောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း၏ အကျိုးသက်ရောက်မှုများ ........ ၂၉

- ရေတံခွန်များအား ထိခိုက်ပျက်စီးစေခြင်း ........ ၂၉
- ငါးမျိုးစိတ်များကို ပျက်စီး လျော့နည်းစေခြင်း ........ ၃၀

အထက် ကျိုင်းတောင်းဆည် ဆောက်လုပ်ရေး စီမံကိန်း ........ ၃၁

ထိတ်လန့် စိုးရိမ်စရာကောင်းသည့် အကျိုးဆက်များ ........ ၃၄

- စိုက်ပျိုးမြေများအား ခြောက်သွေ့စေကာ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီးနိုင်ခြင်း ........ ၃၈
- ရေအရည်အသွေး ကျဆင်းခြင်းကြောင့် ပြည်သူလူထု ကျန်းမာရေးအတွက် အန္တရာယ် မြင့်မားစေနိုင်ခြင်း ........ ၄၀
- ငါးမျိုးစိတ်များကို ပိုမိုပျက်စီး ဆုံးရှုံး လျော့နည်းပျောက်ကွယ်စေခြင်း ........ ၄၂
- ရေတံခွန်များ ထိခိုက်ပျက်စီးကာ ပျောက်ကွယ်သွားစေနိုင်ခြင်း ........ ၄၂
- ကြိုတင်မသိနိုင်သော ရေထုတ်လွှတ်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း ........ ၄၃
- ဆည် ပြိုကျ ကျိုးပျက်မှုရှိနိုင်ခြင်း ........ ၄၃

ပြည်ထောင်စုအစိုးရ ဗဟိုပြုစွမ်းအင်စီမံကိန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့က ပဋိပက္ခ ပိုမိုကြီးထွားကျယ်ပြန့်လာရန် လောင်စာဆီ လောင်းထည့်နေခြင်း ........ ၄၄

နိဂုံးချုပ် မှတ်ချက်နှင့် အကြံပေးအဆိုပြုချက်များ ........ ၄၅

## အကျဉ်းချုပ် ဖော်ပြချက်

ရှမ်းပြည်တောင်ပိုင်း နမ့်တိန်းမြစ်ပေါ်တွင် ဆည်ကြီးတစ်ခုဆောက်လုပ်ကာ ရေအား လျှပ်စစ်ထုတ်ယူရေးအတွက် လမ်းရှင်းသည့်အနေဖြင့် မြန်မာအစိုးရစစ်တပ်က စစ်ရေး အကြမ်းဖက် လှုပ်ရှားမှုများ၊ ပြည်သူလူထုအား အတင်းအဓမ္မမောင်းထုတ် ရပ်ရွာရွှေ့ပြောင်း မှုများတို့ကို မည်သို့မည်ပုံ ပြုလုပ်ကြနေလျက်ရှိသည့် အကြောင်းတို့ကို ထုတ်ဖေါ်လှစ်ဟ တင်ပြရန်နှင့် ရေရှည် ပြည်တွင်းစစ်မီး ဆက်လက်တောက်လောင်စေပြီး ဒုက္ခဘေးအန္တရာယ် ပိုမိုကြီးမားလာစေမည့် စိုးရိမ်ဖွယ်ရာ အလားအလာရှိနေသည့် အထက် ကျိုင်းတောင်းဆည် ဆောက်လုပ်ရေးစီမံကိန်းအား ပြန်လည်ပယ်ဖျက် ရပ်ဆိုင်းရေးကို တိုက်တွန်းတောင်းဆိုရန် ရည်ရွယ်၍ ဤအစီရင်ခံစာအား  ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါသည်။

နမ့်တိန်းမြစ်သည် သံလွင်မြစ်၏ မြစ်လက်တက်ပေါင်းများစွာအနက်မှ အဓိကကျ သည့် မြစ်လက်တက်တခုဖြစ်သည် သာမက ရှမ်းပြည်သူလူထုတို့၏ ရာဇဝင် သမိုင်းကြောင်း နှင့် အစဉ်အလာ ယဉ်ကျေးမှုအတွက်လည်း အထူးအရေးပါစွာ ဆက်စပ်မှုရှိနေသည့် မြစ် တခု ဖြစ်ပါသည်။ မိုင်းကိုင်၊ လဲချား၊ မိုးနဲ နှင့် လင်းခေး အစရှိသည့် သမိုင်းဝင်မြို့နယ်မြေ ဒေသတို့ကို ဖြတ်သန်းစီးဆင်းနေသော နမ့်တိန်းမြစ်၏ ကမ်းဘေးဝဲယာတို့တွင် ရှေးဟောင်း ဘုရားကျောင်းကန် စေတီ ပုထိုး စသော ဘာသာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် အဆောက်အဉီပေါင်း မြောက်များစွာ တည်ရှိနေပါသည်။ ထို့အပြင် ရှမ်းရိုမီယို နှင့် ဂျူးလီး ယက်ဟု တင်စားနိုင်းယှဉ်နိုင်လောက်သည့် ရှမ်းလူမျိုးတိုင်းတို့၏ အသဲစွဲ ခွန်ဆမ်လော နှင့်နန်းဉီးပြင် အမည်ရှိ ရှမ်းရှေးဟောင်း အချစ်ဒဏ္ဍာရီပုံပြင် တပုဒ်သည်လည်း ထိုတိန်းမြစ် ဒေသတွင် မြစ်ဖျားခံ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပြီး မိုးနဲအရှေ့ဖက်ရှိ ကျိုင်းတောင်းရေတံခွန် တည်ရှိရာ အရပ်သည်လည်း ခွန်ဆမ်လော၏ မွေးရပ်ဇာတိဒေသအဖြစ် ထင်ရှားကျော်ဇော ခဲ့ပါသည်။ ရှမ်းပြည်အလယ်ပိုင်းဒေသမှ ထိုင်းနယ်စပ်အထိ ဆက်စပ်စီးဆင်းနေသည့် နမ့် တိန်းမြစ်သည် ရှမ်းအမျိုးသား ခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ပင်မ အသက်သွေး ကြောအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာရှည်အသုံးတော်ခံ အလုပ်အကျွေးပြုခဲ့သော ပြု နေဆဲ မြစ်တစင်းလည်း ဖြစ်နေပါသည်။ ခွန်ဆာ၏ မိန်းတိုင်းအာမီ(MTA) လက်နက်ချ အညံ့ခံခဲ့သည့် ၁၉၉၆ ခုနှစ် နောက်ပိုင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) သည် ထိုနမ့်တိန်းမြစ်တလျှောက်ရှိ နယ်မြေများတွင် ပြန်လည်စုဖွဲ့ အင်အားစုဆောင်း ထူထောင်တည်ဆောက်လာနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ထိုအကြောင်းကြောင့်ပင်လျှင် ၁၉၉၆ နှင့် ၁၉၉၈ ခုနှစ် ကာလအတောအတွင်းတွင် အစိုးရ စစ်တပ်က ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးရေး လှုပ်ရှားမှုဖြင့် အသစ်ပြန်လည် ဖွဲ့

စည်းခဲ့သော ရှမ်းအမျိုးသား ခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့အား ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ၌ နမ့်တိန်းမြစ်တလျှောက် နေထိုင်လျက်ရှိကြသော ဒေသခံပြည်သူလူထုအ သိုက်အဝန်းတို့သည် အစိုးရစစ်တပ်၏ အဓိကပစ်မှတ်များဘဝသို့ သက်ဆင်းကျရောက် ခဲ့ရပါတော့သည်။ ဤသို့ဖြင့် မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာပေါင်းမြောက်များစွာမှ ရွာသား ၃၀၀၀၀၀ ကျော်တို့သည် ၎င်းတို့ နေထိုင်နေရာရွာများမှ မောင်းနှင်ထုတ်ခံခဲ့ကြရပြီး မြို့များ လမ်းမကြီးများအနီး တည်ဆောက်ထားသော ပြန်လည်နေရာချထားရေးစခန်းများသို့ အ တင်း အကြပ် ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါသည်။ ကျေးရွာသား ပြည်သူလူထု ရာပေါင်းများစွာ တို့မှာ အနိုင်ကျင့် ဖိနှိပ်မှု၊ အကြောင်းမဲ့ ညဥ်းပမ်း ဖမ်းဆီး ရိုက်နှက်မှု၊ တရားမဲ့ သတ်ဖြတ်မှုနှင့် အမျိုးသမီးပေါင်းမြောက်များစွာတို့မှာ အစိုးရစစ်တပ် စစ်သားများတို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မုဒိမ်းပြုကျင့်မှုတို့ကို ခံခဲ့ကြရပါတော့သည်။ ကျိုင်းတောင်းဒေသတခုတည်း တွင်ပင် အသက် ၅ နှစ်အရွယ် ခလေးငယ်တဦး အပါအဝင် ကျေးရွာသူ အမျိုးသမီးပေါင်း ၇၀ ယောက်တို့မှာ အစိုးရစစ်သားများတို့၏ မုဒိမ်းပြုကျင့်ခြင်းကို ခံခဲ့ကြရသည်ဟု သတင်း မှတ်တမ်းများအရ သိရှိရပါသည်။

ရှမ်းပြည်အလယ်ပိုင်း လက်ကျေးတောရွာများတို့တွင် နေထိုင်သူလူဦးရေ ကျဆင်း နည်းပါးသွားစေရန် ခြောက်သွေ့နယ်မြေဒေသအဖြစ် တမင်ဖန်တီးခြင်း အပါအဝင် အစိုးရ စစ်တပ်က နည်းလမ်းမျိုးစုံဖြင့် လျှော့ချ ရှင်းလင်းရေး ပြုရခြင်း၏ ရည်ရွယ်ချက်မှာ ရှမ်း အမျိုးသား ခုခံတော်လှန်ရေးတပ်ဖွဲ့များ အင်အားကျဆင်း နည်းပါးသွားစေရေးနှင့် နမ့်စန် မြို့တွင် အရှေ့ကအလယ်ပိုင်း စစ်ဌာနချုပ်အသစ်တစ်ခုကို အခြေစိုက်ကာ ထိုနယ်မြေအတွင်း အစိုးရစစ်တပ်၏ စစ်တပ်အင်အားကို ထပ်မံတိုးချဲ့ အခြေချ ထူထောင်ပြီး နယ်မြေစိုးမိုးမှု ပြုသွားနိုင်ရေးပင် ဖြစ်ပါသည်။ တနည်းအားဖြင့် နမ့်တိန်းမြစ်အပေါ် ဆည်တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများအတွက် ကြိုတင်လမ်းထွင် ရှင်းလင်း ထားခြင်းပင် ဖြစ်ပါသည်။

ကျိုင်းတောင်းဒေသနယ်မြေအတွင်း နမ့်တိန်းမြစ်ပေါ်တွင် ၅၄ မီဂါဝပ် ထုတ်လုပ် နိုင်သည့် ပထမဦးဆုံး အကြီးစား ရေအားလျှပ်စစ်စီမံကိန်းတခုကို ၂၀၀၅ - ၂၀၀၉ ခုနှစ် အတွင်း ဆောက်လုပ်ပြီးစီးခဲ့ချိန်တွင် ထိုနယ်မြေအတွင်းမှ ရွာအများစုတို့မှာ ထိုင်းနိုင်ငံဖက်သို့ ပြောင်းရွှေ့သွားခဲ့ကြပြီးဖြစ်ရာ မူလရှိရင်းစွဲ ကျေးရွာ ၅၀ အနက် ရွာ ၁၀ ရွာသာ ကျန်ရှိနေ သည်ဟု သိရှိခဲ့ရပါသည်။ ထိုကာလအတောအတွင်း အစိုးရစစ်တပ်မှ စစ်သားများက ကျေးရွာသူ အမျိုးသမီး ၃ ဦးတို့အား မုဒိမ်းပြုကျင့် သတ်ဖြတ်ခဲ့မှု ဖြစ်ပွါးခဲ့သည်ဟု သတင်း ရရှိခဲ့ပါသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံမှာ ကျိုင်းတောင်းရေတံခွန်ပေါ်တွင် ရေစီးကြောင်းတခုလုံးအား ဖြတ်တောက်ပိတ်ဆို့ကာ တိုက်ရိုက်တည်ဆောက်ထားသဖြင့် နွေရာသီရေနည်းချိန်တွင် ရေတံခွန်မှရေစီးကျခြင်း အလျဉ်းမရှိတော့ဘဲ ကျိုင်းတောင်းရေတံခွန်၏ သဘာဝအလှကို လုံးဝထိခိုက် ပျက်စီးနေစေသည့်အပြင် အရင်တချိန်က ရေတံခွန်၏ အထက်နှင့်အောက်ဖက် ဒေသများတွင် နေထိုင်ကြ၍ မြစ်ချောင်းရေ ရေနေသတ္တဝါနှင့် ငါးများတို့ကို ဖမ်းဆီးစားသုံး မှီခိုရှင်သန်နေရသူ ရွာသားများတို့မှာ တချို့သောငါးမျိုးစိတ်များ သဘာဝအရ ပုံမှန် ဆက်လက်မျိုးမပွါးနိုင်တော့သောကြောင့် ပျက်စီးပျောက်ကွယ်ကုန်ကြကာ ငါးဖမ်းဆီးရမိမှု နည်းပါးကျဆင်းသွားသဖြင့် ရွာသားအများစုတို့မှာ ဝမ်းစာရေး အသက်မွေးဝမ်းမှုအတွက် အခက်အခဲကြုံတွေ့ အတိဒုက္ခရောက်နေကြရပြီဟု ဆိုပါသည်။ ထို့ပြင် ထိုစီမံကိန်းမှာ ရရှိမည့်အကျိုးရလဒ်နှင့် နစ်နာ ပေးဆပ်ရမှုတို့ကိုသာမက ရေစီးပမာဏစွမ်းအားကိုပါ အသေအချာထည့်သွင်း ချိန်ဆတွက်ချက်ထားခဲ့ခြင်းမျိုး မရှိသည့်အတွက်ကြောင့် တာဘိုင်စက် ၃ လုံး တပ်ဆင်တည်ဆောက်ထားသည့်အနက် တလုံးကိုသာ အနိုင်နိုင် လည်ပတ်၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နေရသည်ဟု သတင်းရရှိပါသည်။

ထိုပထမ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်း၏ အထက်ဖက် ၄၀ ကီလိုမီတာကွာဝေးသော နေရာတွင် ၂၀၀၉ ခုနှစ်က ထပ်မံတည်ဆောက်ထားသော အထက်ကျိုင်းတောင်းဆည် ဒုတိယ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကြီးသည် အရွယ်အစားပမာဏအားဖြင့် ပိုမိုကြီးမားသော လုပ်ငန်းဖြစ်နေသောကြောင့် ထို့ထက်ပိုမိုကြီးမားများပြားသော ဆိုးကျိုးဆက်များကို ဖြစ်ပေါ်စေလိမ့်မည်မှာ သေချာ မုချပင် ဖြစ်ပါသည်။ မြစ်ကို အမှီပြုပြီး စိုက်ပျိုးရေး နှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြရသော ကျိုင်းတောင်း နှင့် လင်းခေးမှ ထောင်ချီတဲ့ ရွာသားတို့က အထူးသဖြင့် ရာသီဥတု သိသိသာသာ ပြောင်းလဲသွားသဖြင့် ရေပြတ်မှာကို စိုးရိမ်နေကြသည်။ လာအိုနိုင်ငံနဲ့မြန်မာပြည်အလယ်ပိုင်းရှိဆည်များ မကြာမီက ပျက်စီးခဲ့တာကြောင့် နမ့်တိန်းဆည်ကျိုးမှာကိုလည်း စိုးရိမ်ပူပန်နေကြသည်။

နမ့်တိန်းမြစ်ပေါ်တွင် ဆောက်လုပ်ထားသော ထိုစီမံကိန်း ၂ ခုစလုံးတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အခြေခံစည်းမျဉ်းများကို စစ်တပ်ဖြင့် ဝင်ရောက်ကျူးကျော် ဖေါက်ဖျက်ခြင်း၊ လက်နက်ကိုင်စစ်သားအင်အားကို အသုံးပြု၍ ဒေသခံဌာနေပြည်သူလူထု ရွာသားများအပေါ် ဖိနှိပ်အနိုင်ကျင့်မှု မတရားအကြမ်းဖက်မှု အမျိုးမျိုးနှင့် ဒေသတွင်းနေထိုင်လျက်ရှိသော ရွာသားများအား မူလရပ်ရွာများမှမောင်းနှင်ထုတ်ကာ ကျေးရွာများကိုအတင်းအကြပ်ရွှေ့ပြောင်းပစ်ခြင်း စသည်တို့ကို အစိုးရစစ်တပ်က အတောမသတ် ကျူးလွန်မှုများတို့ကို ဖြစ်ပွါးပေါ်ပေါက်စေခဲ့ပါသည်။ နမ့်တိန်းမြစ်ပေါ်တည်ဆောက်ထားသော ထိုဆည်အသစ်သည်

နယ်မြေဒေသအတွင်း ဖြတ်သန်းစီးဆင်းနေသော ရှမ်းပြည်နယ်တွင် အဓိကကျသည့်မြစ်ချောင်းတခု၏ ထိလွယ်ရှလွယ်သော သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို အပြီးတိုင် ပျက်သုန်းဆုံးရှုံးသွားသည့်အထိ ဖြစ်ခဲ့သည်မှာ ထင်ရှားနေပါသည်။

နမ့်တိန်းမြစ်ဝှမ်းတလျှောက်ရှိ ဒေသတခုလုံးတို့သည် အားပြိုင် တိုက်ခိုက်မှု အလွန်မြင့်မားသော စစ်ဖုံနယ်မြေတခုအဖြစ် ဆက်လက်ကျရောက် တည်ရှိနေဦးမည်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)အား အစိုးရစစ်တပ်အနေဖြင့် ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်နေဦးမည် ဖြစ်သည့်အပြင် ရှမ်းပြည်ပြည်သူလူထုဌာနေ ဒေသခံရွာသားများအပေါ်တွင်လည်း မှန်ကန် ရိုးသားသော သဘောထားနှင့် စိတ်ရင်းစေတနာ အလျဉ်းမရှိသည့် အစိုးရစစ်တပ်က မတရားဖိနှိပ် အနိုင်ကျင့်မှု၊ အကြောင်းမဲ့ ညဉ်းပမ်းမှု၊ သတ်ဖြတ်မှုနှင့် လူ့အခွင့်အရေးချိုးဖေါက်သည့် လုပ်ရပ်များကို ဆက်လက်ကျူးလွန်နေဦးမည်မှာ သေချာပါသည်။


အထက်တွင် ဖော်ပြထားသော အခြေအနေများ အောက်တွင် ဘေးအန္တရာယ် ဒုက္ခကြီးမား များပြားလှသော ဆိုးကျိုးဆက်ရလဒ်များ ဖြစ်ပေါ်လာနိုင်ဖွယ်ရာ အလားအလာရှိနေသည့် အထက်ကျိုင်းတောင်းဆည် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုပြုခြင်းသည် နေပြည်တော်ရှိ အစိုးရအာဏာပိုင်များအပေါ် ဒေသခံပြည်သူလူထုတို့၏ မကျေနပ်မှုများကို တိုးပွါးဖြစ်ပေါ်လာစေရန် လောင်စာလောင်းထည့်ပေးလိုက်ရာကျနေမည်ဖြစ်သည့်အပြင် ဆယ်စုပေါင်းများစွာ ကြာရှည်ဖြစ်တည်လာခဲ့သော ပဋိပက္ခများအား ထပ်မံမီးထိုးပေးလိုက်သည့် သဘောသာ ဖြစ်ပါလိမ့်မည် ဟု ထောက်ပြအပ်ပါသည်။ ထို့ကြောင့် အထက် ကျိုင်းတောင်းဆည်တည်ဆောက်ရေး စီမံကိန်းကြီးအား ချက်ချင်းရပ်တန့်ပါရန် ကျွန်ုပ်တို့အနေဖြင့် မြန်မာအစိုးရအား တိုက်တွန်း တောင်းဆိုလိုက်ပါသည်။ လက်ရှိ ပဋိပက္ခများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာကာ ငြိမ်းချမ်းပြီး စစ်မှန်ပီပြင်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ကျင့်သုံးလာနိုင်ပါမည်။ ဒေသခံပြည်သူလူထု အသိုက်အဝန်းအား သူတို့ပိုင်ဆိုင်ကြသည့် သူတို့နှင့် တိုက်ရိုက်သက်ဆိုင်သည့် သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ဆုံးဖြတ်ပိုင်ခွင့်အာဏာနှင့် ပါဝင်ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရရှိလာသည့် အချိန်ကာလသို့ ရောက်ရှိလာမှသာလျှင် ထိုကဲ့သို့သော အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆုံးဖြတ်အကောင်အထည်ဖေါ်မှု ပြုစေသင့်ကြောင်းကိုလည်း အကြံပေးလိုပါသည်။

အထက် ကျိုင်းတောင်းဆည်တည်ဆောက်ရေး စီမံကိန်းတွင် နည်းပညာဆိုင်ရာ အထောက်အကူနှင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်နေလျက်ရှိသည့် နော်ဝေးနိုင်ငံအပါအဝင် နိုင်ငံအချို့နှင့် နိုင်ငံခြားရပ်ခြားအကူအညီ စေတနာရှင် ငွေကြေး အထောက်အပံ့ ဒါနရှင်များတို့အား အလေးအနက် တိုက်တွန်း တောင်းဆို မေတ္တာရပ်ခံလိုသည့်အချက်မှာ မြန်မာနိုင်ငံတွင် ပဋိပက္ခများအကြား အားပြိုင်မှုကြီးမား များပြားသော နယ်မြေဒေသအတွင်း ကြီးမားသောဆည်များ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတို့အတွက် နည်းပညာအဆင့်မြင့်တင်ပေးမှု အကူအညီနှင့် ငွေကြေးထည့်ဝင် ရင်းနှီးမြှုပ်နှံမှု မှန်သမျှတို့အား ရပ်ဆိုင်းထားကြပါရန် ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တိုက်တွန်းတောင်းဆိုချက်ကို လျစ်လျူရှုကာ ပြည်သူလူထုတို့၏ ယုံကြည်မှုနည်းပါးသော အစိုးရ၏ဆည်တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများအား ထောက်ပံ့နေခြင်းသည် ရှိရင်းစွဲ ပဋိပက္ခများကို ပိုမိုကြီးမားကျယ်ပြန့်လာစေရန် လောင်စာဆီ ထပ်မံလောင်းပေးရာကျနေမည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်း အဖြေရှာနေမှု လုပ်ငန်းစဉ်အပေါ် အထင်အမြင်သေးသည့် သဘောထားကို တိုက်ရိုက် လှစ်ဟ ဖေါ်ထုတ် ပြသမှုပြုခြင်း ဖြစ်ပါသည်။

## စစ်ရေးယှဉ်ပြိုင်မှုမြင့်မားနေသည့်နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းနေသော နမ့်တိန်းမြစ်၏ သမိုင်းကြောင်းနှင့် စဉ်လာယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု

ရှမ်းပြည်တွင်း ဖြတ်သန်း စီးဆင်းနေသည့် သံလွင်မြစ်၏ မြောက်များလှစွာသော မြစ်လက်တက်များအနက် နမ့်တိန်းမြစ်သည် အဓိကကျသော မြစ်လက်တက်ကြီးတခု ဖြစ်သည်။ နမ့်တိန်းမြစ်သည် မိုင်းကိုင်မြို့နယ်တွင် စတင်မြစ်ဖျားခံကာ ရှမ်းပြည်တောင်ပိုင်း ရှမ်းကုန်းပြင်မြင့်တကြောရှိ လဲချား၊ နမ့်စန်၊ မိုးနဲ နှင့် လင်းခေးမြို့နယ် နယ်မြေဒေသတလျှောက် ကီလိုမီတာပေါင်း ၅၆၀ အထိ ရှည်လျားစွာ ဖြတ်သန်း စီးဆင်းနေလျက်ရှိပြီး တာဆွပ်တိန်း ဟု ခေါ်တွင်သော နေရာတွင် သံလွင်မြစ်အတွင်းသို့ ပေါင်းဆုံ စီးဝင်ပါသည်။

နမ့်တိန်းချောင်းပြမြေပုံ



လွန်ခဲ့သောရာစုနှစ်ပေါင်းများစွာ ကတည်းကပင်လျှင် ရှမ်းပြည်သူလူထုတို့သည် နမ့်တိန်းမြစ်တလျှောက်ရှိ မြစ်ဝှမ်း တောင်ကြားတို့တွင် အခြေချ နေထိုင်ခဲ့ကြကာ လယ်ကွင်းများအတွင်း စပါးစိုက်ပျိုးခြင်း၊ တောင်ယာခြံနှင့် ဥယျာဉ်များအတွင်း အခြားသီးနှံနှင့် သစ်သီးဝလံများ စိုက်ပျိုးခြင်း၊ မြေမြင့်မျက်ခင်းပြင်များအတွင်း အိမ်မွေးတိရိစ္ဆာန်များ မွေးမြူခြင်း လုပ်ငန်းများလုပ်ကိုင် အသက်မွေးခဲ့ကြပါသည်။ ရှမ်းလူမျိုးတချို့တို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ကြသည့်အလျောက် စီးပွါးဖြစ်ထွန်းကြွယ်ဝချမ်းသာလာကြကာ ဘုရားကျောင်းကန် စေတီပုထိုး မြောက်များစွာတို့ကို တည်







ကျိုင်းတောင်းမြို့၊ နမ့်တုမ်ကျေးရွာတွင်ရှိ ရှေးဟောင်းစေတီပုထိုးများ

ဆောက်မှု ပြုနိုင်ခဲ့ကြပါသည်။ နမ့်တိန်းမြစ် တလျှောက် မီတင်းနေထိုင်ခဲ့ကြသော ရှမ်းလူမျိုး ပြည်သူများ လူထုအသိုက်အဝန်းများတို့၏ နယ်ပယ်အထဲတွင် ရှေးခေတ်ကာလ ကနဦး ရှမ်းစော်ဘွား အနွယ်တော်များ အစဉ်အဆက် အုပ်စိုးခဲ့ကြသည့် မိုင်းကိုင်၊ လဲချား၊ မိုးနဲ နှင့် မောက်မယ် အစရှိသော ရှမ်းစော်ဘွားနယ်များ ပါဝင်သည်။


လဲချားစော်ဘွား၏ဟော်နန်း

## - ရှမ်း ရိုမီယို နှင့် ဂျူးလီးယက် တို့၏ မွေးရပ်မြေ

ရှမ်းလူမျိုးတိုင်းတို့၏ အသဲစွဲ ခွန်ဆမ်လော နှင့် နန်းဦးပြင် အမည်ရှိ ရှမ်းရှေးဟောင်း အချစ်ဒဏ္ဍာရီ ပုံပြင်တပုဒ်သည်လည်း ထိုတိန်းချောင်းဒေသကို အခြေခံကာ နန်းခမ်းကူ အမည်ရှိ အမျိုးသမီး ရှမ်းစာဆိုတော်တဦးက ၁၈၈၀ ခုနှစ် ကာလတဝိုက်တွင် ရေးသားခဲ့ ခြင်းဖြစ်ပြီး နမ့်တိန်းချောင်း နှင့်အတူ အစဉ်ထာဝရ ထင်ရှားကျော်ကြားခဲ့ပါသည်။ (နန်းခမ်းကူ သည် အစဉ်အလာရှိခဲ့သည့် ရှမ်းစာပေ ရှမ်းစာဆိုတော်များတို့ကို ခူးမော်တိုင်း ဟု ဂုဏ်ပြုခေါ် ဆိုလေ့ရှိကြသည့် ရှေးခေတ် ရှမ်းစာဆိုတော်ကြီးများအထဲတွင် တဦးတည်းသော အမျိုးသမီး ရှမ်းစာဆိုတော်တဦး ဖြစ်ပါသည်။)

ထို ခွန်ဆမ်လောနှင့်နန်းဦးပြင် အမည်ရှိ ရှမ်းရှေးဟောင်း အချစ်ဒဏ္ဍာရီပုံပြင်အကျဉ်း ချုပ်မှာ ရှေးသရောအခါက မိုးနဲစော်ဘွားနယ်အပိုင် ကျိုင်းတောင်းမြို့မှ မြို့စားကြီး၏ တူ တော်စပ်သူ ခွန်ဆမ်လော အမည်ရှိ လုလင်ပျို ကုန်သည်တဦးသည် ဝန်တင်နွားများဖြင့်

ကုန်စည်များတင်ဆောင်ကာ ရှမ်းပြည် တောင်ပိုင်း နမ့်တိန်းချောင်း မြစ်ကြောင်း တလျှောက် တမြို့ဝင် တရွာထွက် လှည့်လည်ရောင်းဝယ်ဖေါက်ကားကုန်ကူးလေ့ ရှိပါသည်။ သို့နှင့် နမ့်တိန်းမြစ် စတင်မြစ်ဖျားခံရာ မိုင်းကိုင်မြို့တွင် မတ်လန်းရှာသူ တဦးဖြစ်သည့် ချောမောလှပသော နန်းဦးပြင်နှင့် တွေ့ဆုံချစ်ကြိုက်မိခဲ့ကြပါတော့သည်။ မကြာမီတွင် နန်းဦးပြင်အား တောင်းရမ်းလက်ထပ် ထိမ်းမြားယူကာ ကျိုင်းတောင်းမြို့သို့ ခေါ်ဆောင်လာခဲ့ပါသည်။ သို့ပါသော်လည်း ခွန်ဆမ်လော၏ မိုးနဲစော်ဘွားမျိုးရိုး မြို့စားအမျိုးအနွယ်ဖြစ်သည့် မိခင်ဖြစ်သူက ခွန်ဆမ်လော တယောက် ရိုးရိုးအရပ်သူတယောက်



သာဖြစ်သည့် နန်းဦးပြင်နှင့်အိမ်ထောင်ပြုသည်ကို လုံးဝသဘောမတူနိုင်သည့်အတွက် မိမိအိမ်သို့ ရောက်ရှိလာသော နန်းဦးပြင်အား မနှစ်မြို့သည့်အလျောက် ခွန်ဆမ်လော ကုန်အရောင်းအဝယ် ခရီးထွက်သွားနေခိုက် အိမ်၌ရှိမနေစဉ် ချွေးမ နန်းဦးပြင်အပေါ် အမြဲတမ်း ငြူစူ အပြစ်ရှာကာ အမျိုးမျိုး နှိပ်စက်ညှဉ်းပမ်းမှု ပြုပါလေတော့သည်။ ထိုဒဏ်ကို မခံနိုင်တော့သည့်အဆုံးတွင် ကိုယ်ဝန်အရင့်အမာရှိနေပြီဖြစ်သော နန်းဦးပြင်တယောက် ကျိုင်းတောင်းမြို့ရှိ ခွန်ဆမ်လောတို့၏ နေအိမ်မှ စွန့်ခွါ၍ မိုင်းကိုင်မြို့သို့ ဦးတည်ထွက်ပြေးလာခဲ့ရာ အပြန်လမ်းပေါ်တွင်ပင် ကလေးတယောက် မွေးဖွါးခဲ့ပြီး ကလေးလေးသည်လည်း အသက်မရှင်ခဲ့သဖြင့် နန်းဦးပြင်တယောက် ရင်ကွဲနာကျကာ သေဆုံးသွားခဲ့ပါတော့သည်။ ထိုသတင်းကို ကြားသိလိုက်ပြီးနောက် ခွန်ဆမ်လောသည်လည်း မိုင်းကိုင်ရှိ နန်းဦးပြင်၏ နေအိမ်သို့ ချက်ချင်းလိုက်လာပြီး နန်းဦးပြင်၏ ရုပ်အလောင်းပြင်ထားရာနှင့် ကပ်ရက်တွင် ဝင်ရောက်လဲလျောင်းကာ မိမိကိုယ်မိမိ ဓါးဖြင့် ထိုးသတ်ကာ လိုက်ပါသေဆုံးသွားပါတော့သည်။

ထိုရှမ်းရှေးပောင်း အချစ်ဒဏ္ဍာရီပုံပြင်သည် ရှေးကာလ ၁၇၀၀ ခုနှစ် တဝိုက်တွင် ဖြစ်ပွါးခဲ့သည့် တကယ့်ဖြစ်ရပ်မှန်တခုကို အခြေခံကာ ရေးသားထားခြင်းဖြစ်သည် ဟု ဆိုကြပါသည်။ ရှေးခေတ်ကာလကမိုင်းကိုင်မြို့နှင့်ကျိုင်းတောင်းမြို့တို့ကြားနမ့်တိန်းမြစ်တလျှောက်

ကုန်စည်များ ကူးသန်းရောင်းဝယ်မှု ပြုခဲ့ကြသည့် ကုန်သွယ်ရေး လမ်းကြောင်းတခု အမှန်ပင် ရှိခဲ့သည် ဟု ရှမ်းသမိုင်းပညာရှင် သုတေသီတို့က အတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။ မိုင်းကိုင်မြို့ နမ့်တိန်းချောင်း တဖက်ကမ်း မတ်လန်းရွာအနီး ကုန်းမြင့်တခုထက်တွင် ရှမ်းအချစ်ဒဏ္ဍာရီထဲမှ ဇာတ်လိုက်ကျော် ၂ ဦးဖြစ်သည့် ခွန်ဆမ်လောနှင့်နန်းဦးပြင်တို့ လဲလျောင်းနေရာ သင်္ချိုင်းဗိမာန်ဟု ယုံကြည် ဆိုစမှတ်ပြုကြသည့် အုတ်ဂူဖြူဖြူလေး ၂ လုံးတို့ကို အတူယှဉ်တွဲလျက် ယနေ့ထိတိုင်အောင် တွေ့မြင်နိုင်ကြပါသေးသည်။ မိုးနဲစော်ဘွား မျိုးရိုး မြို့စားအဆက်အနွယ်တဦးဖြစ်သည့် ခွန်ဆမ်လော၏ မိခင်ဖြစ်သူက သူမ၏သားအား ရိုးရိုးသာမာန် အရပ်သူတဦးနှင့် ထိမ်းမြားလက်ထပ် အိမ်ထောင်ပြုခဲ့ခြင်းကို သဘောမတူ မကြည်ဖြူနိုင်ခဲ့သည့် အချက်မှာလည်း ယခင်ရှေးခေတ် ရှမ်းပဒေသရာဇ်စနစ်နှင့် လူတန်းစားတို့၏ သရုပ်မှန်ကို ထင်ဟပ် မီးမောင်းထိုးပြသနေလျက်ရှိပါသည်။ ထို့ကြောင့် ထိုရှမ်းရှေးဟောင်း အချစ်ဒဏ္ဍာရီသည် စိတ်ကူးယဉ် ပုံပြင်ပေလော တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းပေလော ဟု တွေးတော စဉ်းစားစရာတရပ် ဖြစ်နေဆဲပင် ရှိပါသည်။


ၸဝ်ႈထမ်ႇမတီၶၼ်ႇၶေ (1541 - 1604)


ၸဝ်ႈၵၢင်းသိူဝ် (1787 - 1882)


ၸဝ်ႈၵေႃႉလီ မိူင်းပၼ် (1822 - 1889)


ၼၢင်းၶမ်းၵူ (1854 - 1918)


ၸဝ်ႈၵမၢတ်ႈလုင် မိူင်းၶွင် (1858 - 1906)


ၸဝ်ႈၶေႃမေႃႇၶမ်း မိူင်းၵိုင် (1877 - 1916)


ၸဝ်ႈဝေႇရၼ (1890 - 1953)


ၸဝ်ႈပၺ်ညႃႇဝေႇၸႃႉ (1893 - 1971)

*ရှမ်းစာဆိုတော် (ရှုးမော်တိုင်း) ၈ ဦး*

## နမ့်တိန်းရေ၏ သန့်စင်မှုကြောင့် လူသိများသည်။

နမ့်တိန်းချောင်းတလျှောက်တွင် နေထိုင်လျက်ရှိကြသည့် လင်းခေးမြို့နယ် ပြည်သူလူထု ရပ်သူရွာသားများတို့သည် သူတို့အတွက်သောက်သုံးရေအပါအဝင် သူတို့၏နေ့စဉ်ဘဝလိုအပ်ချက်နှင့် အသက်ရှင်သန်မှုတို့အတွက် အစဉ်အဆက်အားဖြင့် နမ့်တိန်းမြစ်ရေ အပေါ်တွင် ကြီးမားစွာ အမှီသဟဲ ပြုနေကြရလျက် ရှိပါသည်။ သက်ကြီးရွယ်အိုများတို့သည် ထိုမြစ်ရေ၏အရသာကို များစွာ ဂုဏ်ယူနေကြလျက်ရှိသဖြင့် သူတို့ခရီးထွက်သွားလာလေရာတွင် နမ့်တိန်းမြစ်ရေအား ပုလင်းများအတွင်း ထည့်သွင်းကာ ကိုယ်နှင့်မကွာ အတူသယ်ဆောင်သွားကြလေ့ရှိသည်။ ထို့ပြင် သူတို့က နမ့်တိန်းမြစ်ရေအတွင်းတွင် ဆေးဖက်ဝင် အထူးခါတ် ပစ္စည်းများစွာ ပါဝင်နေသည့်အတွက် ရောဂါဘယများကို ကာကွယ်ပေးနိုင်သည် ဟု ယုံကြည်နေကြပါသည်။

### ◆ ရှမ်းအမျိုးသား ခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့၏ ပင်မ အသက်သွေးကြော

ရှမ်းအမျိုးသား ခုခံတော်လှန်ရေး လက်နက်ကိုင် တပ်ဖွဲ့တို့သည် နမ့်တိန်းမြစ်တလျှောက်ရှိ လှိုမြောင် ချိုင့်ဝှမ်း တောင်တန်း တောနက်များအတွင်း အခြေချကာ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ရှမ်းလက်နက်ကိုင်တပ်ဖွဲ့၏ လှုပ်ရှားရာ နယ်မြေများဖြစ်သော ထိုင်းနိုင်ငံနယ်စပ်ဒေသမှ ရှမ်းပြည်တောင်ပိုင်း အလယ်ပိုင်း နယ်မြေဒေသများအထိ ရှည်လျားစွာ ဖြတ်သန်း စီးဆင်းနေသော နမ့်တိန်းမြစ်သည် ရှမ်းတပ်ဖွဲ့များအတွက် အရေးပါစွာ ဆက်စပ်ပေးခြင်းအားဖြင့် ကြီးမားစွာ အလုပ်အကျွေးပြုနေသော ပဓါနကျသည့် ပင်မ အသက်သွေးကြော တခုပင်ဖြစ်သည် ဟု ဆိုနိုင်ပါသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် အခြေစိုက်လှုပ်ရှားခဲ့သော ရှမ်းပြည်တပ်မတော်တပ်ဖွဲ့များတို့သည် ထိုင်းနယ်စပ်နယ်မြေဒေသရှိ ရှမ်းတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့နှင့် ပေါင်းစည်းရေးအတွက် လွန်ခဲ့သော ၁၉၈၀ ခုနှစ် အစောပိုင်းကာလက နမ့်တိန်းမြစ်လမ်းကြောင်းအတိုင်း တနှစ်နီးပါးကြာသည့်အထိ အချိန်ယူ ရွှေ့ပြောင်း ချီတက်မှု ပြုခဲ့ကြရာတွင်လည်း လမ်းခရီးတဝက်ရှိ ကျိုင်းတောင်းဒေသအတွင်း ယာယီရပ်နား စိုအောင်းခဲ့ကြ

ရဖူးပါသည်။ (၁၉၈၅ ခုနှစ်တွင် ရှမ်းခုခံတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်း ပေါင်းစည်းကာ မိန်းတိုင်းအာမီ(MTA) ကို ထူထောင်လိုက်နိုင်ခဲ့ကြပါသည်။)



*ကျိုင်းတောင်းရေတံခွန်အလှကို အမှတ်တရဓာတ်ပုံရိုက်ခဲ့သည့် ရှမ်းလက်နက်ကိုင်များ*

၁၉၉၆ ခုနှစ် ဇန္နဝါရီလ ၂၅ ရက်နေ့တွင် ခွန်ဆာဦးဆောင်ခဲ့သော မိန်းတိုင်းအာမီ (MTA) ရှမ်းတပ်ဖွဲ့က နဝတ စစ်အစိုးရ စစ်တပ်ထံ တရားဝင် လက်နက်ချလိုက်ပြီးနောက်ပိုင်း လက်နက်မချလိုကြသည့် ရှမ်းတပ်သားအင်အား ၃၀၀ ခန့်ကို ဒုတိယဗိုလ်ချုပ်ကြီးယွက်ဆစ်က လျှို့ဝှက်စွာ ဦးဆောင်ခွဲထွက်ခဲ့ပြီး ထိုင်းနယ်စပ်မှ ရှမ်းပြည်အလယ်ပိုင်းသို့ ဦးတည်ပြောင်းရွှေ့ချီတက်ခဲ့ကြပါသည်။ သူတို့တပ်ဖွဲ့သည် ကျိုင်းတောင်းအနီးတွင် အစိုးရစစ်တပ်၏ ဝိုင်းပတ်ပိတ်ဆို့မှုကို ခံခဲ့ရရာတွင် လက်နက်ချဟန်ဆောင် ပရိရာယ်သုံးလှည့်စားကာ နမ့်တိန်းမြစ်ကို ဖြတ်ကူးပြီး မြောက်ဖက်သို့ ဆက်လက်ချီတက်နိုင်ခဲ့ကြပါသည်။ ထိုသို့ရွှေ့ပြောင်းချီတက်မှု လမ်းခရီးတလျှောက်တွင် သူတို့သည် ရှမ်းပြည်တောင်ပိုင်းနှင့် အလယ်ပိုင်း နယ်မြေဒေသများရှိ မိန်းတိုင်းအာမီ(MTA) တပ်ဖွဲ့အချို့တို့၏ အကူအညီကို ရယူနိုင်ခဲ့ကြပါသည်။ သို့နှင့် ၁၉၉၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ညီညွတ်သော ရှမ်းတော်လှန်ရေးတပ်မတော် (SURA) အဖြစ် အသစ်ပြန်လည်ဖွဲ့စည်း ထူထောင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ သူတို့သည် ခွန်ဆာနှင့် ပူးပေါင်းကာ မိန်းတိုင်းအာမီ(MTA)ကို ထူထောင်ခဲ့ဖူးသော ဗိုလ်မိုးဟိန်းခေါင်းဆောင်သည့် ယခင် SURA ရှမ်းတပ်ဖွဲ့၏နာမည်ကို ယာယီပြန်လည်အသုံးပြုခဲ့ပြီးနောက် မကြာမီတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်

တပ်မတော် (RCSS/SSA) အဖြစ် အမည်ပြောင်းလဲခံယူ ထူထောင်လိုက်ကြပါတော့သည်။ ထိုနောက် ထိုင်းနယ်စပ်ဖက်သို့ ပြန်လည်ပြောင်းရွှေ့ အခြေချကာ လွိုင်တိုင်းလျဲန်းစခန်းကို ဗဟိုစစ်ဌာနချုပ်အဖြစ် အသုံးပြုခဲ့ပြီး ထိုအချိန်မှစ၍ အဓိကကျ အင်အားအကြီးမားဆုံးသော ရှမ်းခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့တခုအဖြစ် ယနေ့ကာလအထိတိုင် ရပ်တည် လှုပ်ရှားနေလျက်ရှိပါသည်။


## ◆ ၁၉၉၆ - ၁၉၉၈ ခုနှစ်တွင် နမ့်တိန်းမြစ်တလျှောက် နယ်မြေဒေသများအတွင်း နေထိုင်ကြသည့် ရှမ်းပြည်သူများအား အစိုးရစစ်တပ်က အဓမ္မ ရပ်ရွာရွှေ့ပြောင်းခဲ့ခြင်း

ပြန်လည်အင်အားစုစည်းမှုပြုကာ အသစ်မွေးဖွါး ထူထောင်လိုက်သော ရှမ်းခုခံတော်လှန်ရေး လက်နက်ကိုင် တပ်ဖွဲ့တခုဖြစ်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အား ရှမ်းပြည်သူလူထုက ထောက်ပံ့နေခြင်းကို ဖြတ်တောက်ပစ်နိုင်ရေးအတွက် ရည်ရွယ်၍ ၁၉၉၆ ခုနှစ် မတ်လ တွင် အစိုးရစစ်တပ်က ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင်ရေး (ဖြတ် ၄ ဖြတ်နှင့်ဆင်တူရိုးမှားဖြစ်သော) တရပ်အား စတင်ဖော်ဆောင်လာခဲ့ပါသည်။ သို့နှင့် မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာပေါင်း မြောက်များစွာမှ ရွာသား ၃၀၀၀၀၀ ကျော်တို့သည် ၎င်းင်းတို့ မူလနေထိုင်နေခဲ့ရာရွာများမှ မောင်းနှင်ထုတ်ခံခဲ့ကြရပြီး မြို့များ လမ်းမကြီးများအနီး တည်ဆောက်ထားသော ပြန်လည် နေရာချထားရေး စခန်းများသို့အတင်းအကြပ် ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါသည်[၁]။ နေထိုင်ရာ ရပ်ရွာများမှ စွန့်ခွါထွက်ပြေးကာ နီးစပ်ရာ တောတောင်လျှိုမြောင်များအတွင်း ပုန်းခိုနေထိုင် နေကြရသော ခိုကိုးရာမဲ့ ကျေးရွာသား ပြည်သူလူထု ရာပေါင်းများစွာတို့မှာ အစိုးရစစ်တပ်၏ အနိုင်ကျင့် ဖိနှိပ်မှု၊ အကြောင်းမဲ့ ညဉ်းပမ်း ဖမ်းဆီး ရိုက်နှက်မှု၊ တရားမဲ့ သတ်ဖြတ်မှုနှင့် အမျိုးသမီးပေါင်း မြောက်များစွာတို့မှာ အစိုးရစစ်တပ် စစ်သားများတို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မုဒိမ်းပြုကျင့်မှုတို့ကို ခံခဲ့ကြရပါတော့သည်။ ရွာသားများတို့မှာ ထိုင်းနိုင်ငံ အတွင်းသို့ ထွက်ပြေးခိုလှုံမှုပြုနေရသော စစ်ပြေးဒုက္ခသည်များဘဝသို့ ရောက်ရှိကြရပါ သော်လည်း ကရင် ကရင်နီ မွန် တို့ကဲ့သို့ စစ်ပြေးဒုက္ခသည်များအဖြစ် တရားဝင် အသိအမှတ် ပြုမှု ထောက်ပံ့ကူညီမှုများတို့ကို အလျဉ်းမရရှိခဲ့ပါချေ။ တချို့မှာ ထိုင်းနိုင်ငံတွင် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများဘဝသို့ ကူးပြောင်းရောက်ရှိသွားခဲ့ကြပါသည်။ ထောင်ဂဏန်း ခန့်ရှိသည့် ရှမ်းစစ်ပြေးဒုက္ခသည်အချို့တို့သည် ထိုင်း - ရှမ်း နယ်စပ်ရှိ တရားမဝင် စစ်ပြေး ဒုက္ခသည်စခန်းအချို့တို့တွင် ယခုထိတိုင် ဆင်းရဲဒုက္ခရောက် သောင်တင်နေကြလျက်ရှိ ပါသည်။

---

၁ http://www.shanhumanrights.org/eng/index.php/shrf-archives/shrf-english-newsletter/327-dispossessed

**ထိုင်းနိုင်ငံသို့ လူအစုလိုက်ပြောင်းရွှေ့ထွက်ခွာသည့်လမ်း(၁၉၉၆-၁၉၉၈)**




အစိုးရစစ်တပ်၏ ထိုခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင်ရေးကာလ အတွင်း သူတို့၏ မူလနေရင်းကျေးရွာများမှ အတင်းမောင်းနှင်ထုတ်မှု ရပ်ရွာရွှေ့ပြောင်းမှု ဘေးဒဏ်ကို ခံခဲ့ကြရတဲ့ ရှမ်းပြည်သူ ကျေးရွာလူထု ထောင်ပေါင်းရာပေါင်းများအနက် တဝက်ကျော်ကျော်တို့သည် နမ့်တိန်းမြစ်တလျှောက်တွင် တည်ရှိသည့် ကျေးရွာများမှ ရပ်သူရွာသားများပင် ဖြစ်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။ အစိုးရစစ်တပ်၏ မီးရှို့ဖျက်ဆီးမှုကို

ခံခဲ့ရသော ကျေးရွာပေါင်းများစွာအနက် ရွာတရွာမှာ ကျိုင်းတောင်းနယ်မြေအတွင်းက ပါဆာရွာ (နာမည်ကျော် ရှမ်းရှေးဟောင်း အချစ်ဒဏ္ဍာရီပုံပြင်ထဲမှ ဇာတ်လိုက် ခွန်ဆမ်လော ၏ မွေးရပ်ဇာတိရွာ) ဖြစ်ပါသည်။ မီးရှို့ဖျက်ဆီးမှုကို ခံခဲ့ရသည့် အကြောင်းရင်းမှာလည်း အဆိုပါ ပါဆာရွာသည် အစိုးရစစ်တပ်၏ ဝိုင်းဝန်းပိတ်ဆို့မှုကို ခံခဲ့ရစဉ်က ဗိုလ်ချုပ်ကြီး ယွက်ဆစ်၏ ခွဲထွက်ရှမ်းစစ်တပ်သည် ထိုရွာအနီးမှ နမ့်တိန်းမြစ်ကို ကူးဖြတ်ကာ ရှမ်းပြည် အလယ်ပိုင်း နယ်မြေဒေသအတွင်းသို့ လွတ်မြောက်ရောက်ရှိသွားနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ အစိုးရစစ်တပ်၏ နာမည်ဆိုးဖြင့်ကျော်ကြားသော တပ်မ ၉၉ အပါအဝင် တပ် ရင်းပေါင်း ၆ ရင်းတို့က ပါဆာရွာအား ဝိုင်းဝန်းကာ နေအိမ်အားလုံးအား မီးတင်ရှို့ဖျက်ဆီး ပစ်လိုက်ပြီး ရွာသား ၄၀ ယောက်တို့ကို ပေါ်တာအထမ်းသမားအဖြစ် အသုံးပြုရန် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည် ဟု သိရှိရပါသည်။ ထိုအဖြစ်အပျက်ကြောင့် အထူးထိတ်လန့်ကြောက် ရွံ့မိကြသော အမျိုးသမီး လူအိုနှင့် ခလေး သူငယ်အားလုံးတို့သည် ရွာအနီးရှိ တောနက်ဒေသ အတွင်းသို့ လက်လွတ်ထွက်ပြေး ပုန်းရှောင်မှု ပြုနေကြရသည် ဟု ဆိုပါသည်။ အချို့သော အမျိုးသမီး လူအို ခလေးသူငယ်တို့မှာ အစာရေစာ ငတ်ပြတ်မှုကြောင့် အသက်သေဆုံးခဲ့ကြ ရသည် ဟုလည်း သိရှိရပါသည်။

## ◆ ရှမ်းပြည် အလယ်ပိုင်းဒေသတွင် မြန်မာအစိုးရစစ်တပ်က စစ်အင်အားတည်ဆောက်ခြင်း

အစိုးရစစ်တပ်၏ ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင်ရေးကာလ ၁၉၉၆ - ၁၉၉၈ နောက်ပိုင်းတွင် နမ့်တိန်းမြစ်တလျှောက်ရှိ ဒေသများအပါအဝင် ထိုနယ်မြေ ဒေသ အနံ့အပြားအတွင်းသို့ အစိုးရစစ်တပ်သည် စစ်သားအင်အား ပိုမိုပို့လွှတ်ခြင်း ဝင် ရောက် အခြေချတပ်စွဲခြင်းတို့ကို ပြုလုပ်လာခဲ့သည် ဟူသော သတင်းများရရှိခဲ့ပါသည်။ ရှမ်း ပြည်နယ်မြေဒေသအားလုံးတို့သို့ ကူးသန်းသွားလာရာတွင် မဟာဗျူဟာအရ ဗဟိုကျသည့် လမ်းဆုံဒေသတခုဖြစ်သော နမ့်စန်မြို့နယ် ခိုလမ်ကျေးရွာတွင် ၂၀၁၀ ခုနှစ်၏ အစိုးရစစ် တပ်က ရှမ်းပြည်အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အသစ်တခုကို ထူထောင်အခြေချလာခဲ့ပါ သည်။ ခိုလမ်ကျေးရွာသည် ၁၉၉၆ ခုနှစ် ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ် ဆင်ရေးကာလအတွင်း အစိုးရစစ်တပ်က ထောင်ပေါင်း များစွာသော ရွာသားများ သူတို့၏ မူလနေရင်းကျေးရွာများမှ အတင်းမောင်းနှင်ထုတ်မှု ရပ်ရွာရွှေ့ပြောင်းမှု ဒဏ်ကို ခံခဲ့ရသော ဒေသတခုဖြစ်ခဲ့ပါသည်။ ထိုမျှသာမက အဆိုပါ ခိုလမ်ကျေးရွာနယ်မြေဒေသသည် အစိုးရ စစ်တပ်၏ ရမ်းကား ရက်စက်စွာ အကြောင်းမဲ့ ဖမ်းဆီး ရိုက်နက်မှု တရားမဲ့ ဖိနှိပ် အကြမ်းဖက်

သတ်ဖြတ်မှု ဒဏ်တို့ကို အပြင်းအထန် ခံစားခဲ့ကြရဖူးကြောင်းနှင့် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်းက သံဃာတော်များ အမျိုးသမီးများ ခလေးသူငယ်များ အပါအဝင် ရပ်သူရွာသားပေါင်း ၁၅၉ ယောက်တိတိတို့သည် အစိုးရစစ်တပ်၏ သတ်ဖြတ်မှုကို ခံခဲ့ကြရသည် ဟူသော သတင်းမှတ်တမ်းများရှိပါသည်။ သူတို့အထဲမှ အချို့တို့မှာ အစိုးရစစ်တပ် ခိုလမ်တပ်စခန်းအတွင်းသို့ ဖမ်းဆီးခေါ် ဆောင်လာခြင်း ခံခဲ့ရပြီး အစိုးရစစ်တပ် စစ်သားများက



*၂၁.၂.၁၉၉၇ ခုနှစ် ခိုလမ်တွင် ဒုက္ခသည်စခန်းအား အစိုးရစစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်လွှတ်ခဲ့ရာ ကလေးငယ် ၂ ဦး အပါအဝင် ရွာသား ၅ ဦး ထိမှန်သေဆုံးခဲ့သည့် ဖျာလိပ်ထားသည့်ရုပ်အလောင်းများ*

March 1997: **Ven. Ain Daga**, age 38, Abbot of Kho Lam temple, nr. Kunhing, was arrested and killed by troops of Burma Army Light Infantry Battalion (LIB) 524.




Ven. Ain Daga

*၁၉၉၇ ခုနှစ် မတ်လတွင် အစိုးရစစ်တပ် ခမရ ၅၂၄ စစ်တပ်မှ ပစ်သတ်ခဲ့သည့် ခိုလမ်ကျောင်းထိုင် ဘုန်းကြီး ဆရာတော်ဦးဣန္ဒက - သက်တော် ၃၈ နှစ်*

လူမဆန်စွာ အပြင်းအထန် ရက်ရက်စက်စက် ရိုက်နှက် နှိပ်စက်မှုကြောင့် အသက်သေဆုံး သွားခဲ့ကြရသည် ဟု ဆိုပါသည်။

ခိုလမ် အခြေစိုက် ရှမ်းပြည်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ရှမ်းပြည် အတွင်း အခြေချ ရုံးစိုက်ထားသော အစိုးရစစ်တပ်၏ တိုင်းစစ်ဌာနချုပ် ၄ ခုအနက် တခု ဖြစ်ပြီး အခြား ၃ ခုတို့မှာ လားရှိုးမြို့ အခြေစိုက် အရှေ့မြောက်ဒေသ တိုင်းစစ်ဌာနချုပ်၊ တောင်ကြီးမြို့ အခြေစိုက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကျိုင်းတုံမြို့အခြေစိုက် တြိဂံတိုင်း စစ်ဌာနချုပ် တို့ဖြစ်ကြပါသည်။





ခိုလမ် အခြေစိုက် ရှမ်းပြည် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်တွင် အနည်းဆုံး တပ်ရင်းပေါင်း ၂၆ တပ်ရင်း ပါဝင်နေပြီး ထိုတိုင်းစစ်ဌာနချုပ်တည်ဆောက်အ

ခြေချရန်အတွက် ဒေသခံ ပြည်သူလူထုနှင့် ရွာသားများတို့၏ လယ်ယာခြံမြေ ဧကရာပေါင်းများစွာကို အတင်းသိမ်းပိုက်ရယူခဲ့ကြသည် ဟုလည်း သိရှိခဲ့ရပါသည်။



*ခိုလမ်က အစိုးရစစ်တပ်၏ ခြံစည်းရိုးအုတ်တံတိုင်း*




*ခိုလမ်အတွင်း အခြေစိုက်သည့် အစိုးရစစ်တပ် တည်နေရာမြေပုံ*

ရှမ်းပြည်အလယ်ပိုင်း နယ်မြေဒေသအတွင်း အစိုးရစစ်တပ်က ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင်ရေး ဆင်နွှဲနေမှုနှင့် အစိုးရစစ်တပ်၏ စစ်အင်အား တိုးချဲ့ အခြေချ လှုပ်ရှားမှုများ ဆက်လက်ရှိနေပါသော်လည်း နမ့်တိန်းမြစ်တလျှောက်ရှိ နယ်မြေဒေသများအပါအဝင် ရှမ်းပြည်အလယ်ပိုင်း နယ်မြေဒေသ အနှံ့အပြားတို့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့များတို့သည်လည်း စစ်ရေးလှုပ်ရှားမှုများ စစ်ဆင်ရေးများတို့ကို အရှိန်မပျက် ဆက်လက်လုပ်ဆောင်နေနိုင်ဆဲပင် ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရစစ်တပ်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့များအကြား ထိတွေ့ တိုက်ခိုက်မှုများ မကြာခဏ ဆက်လက်ဖြစ်ပွါးနေလျက်ရှိပြီး အစိုးရစစ်တပ်ကလည်း ရှမ်းခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များအား ထောက်ပံ့ကူညီမှုများ ပြုလုပ်နေသည် ဟု သံသယရှိသည့် ရှမ်းပြည်သူလူထုနှင့် ရှမ်းရပ်သူရွာသားများအပေါ် လယ်ယာ မြေများ သိမ်းပိုက်မှု၊ ရွှေငွေ ပစ္စည်းဥစ္စာများ အိမ်မွေးတိရိစ္ဆာန်များ အစားအသောက်များ လုယက်ယူငင်မှု၊ အဓမ္မ လုပ်အားစေခိုင်းမှု၊ ရမ်းကား ရက်စက်စွာ အကြောင်းမဲ့ ဖမ်းဆီးရိုက်နှက်မှု၊ တရားမဲ့ ဖိနှိပ် အကြမ်းဖက် သတ်ဖြတ်မှု၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မုဒိမ်းပြုကျင့်မှု များတို့ ဆက်လက်ဖြစ်ပွါးပေါ်ပေါက်နေလျက်ရှိပါသည်။

**အပစ်အခတ် ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)တပ်ဖွဲ့များအား အစိုးရစစ်တပ်က ထိုးစစ်ဆင် တိုက်ခိုက်မှုများနှင့် အပစ်အခတ် ရပ်စဲရေးစာချုပ် ဖေါက်ဖျက်နေမှုများ**

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့သည် ၂၀၁၁ ခုနှစ်တွင် အစိုးရစစ်တပ်နှင့် နစ်ဖက်တပ်ဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အစိုးရစစ်တပ်တပ်ဖွဲ့များတို့သည် ရှမ်းပြည်အတွင်းမှ ပြန်လည်နောက်ဆုတ် ထွက်ခွါသွားခြင်းမရှိသည်သာမက ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA) တပ်ဖွဲ့များတို့အား ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေလျက်ရှိသည့်ပြင် ဒေသခံရှမ်းပြည်သူလူထုနှင့် ကျေးရွာသားများအပေါ် လည်း စိတ်ထင်သလို မတရားဖိနှိပ် ရမ်းကားမှု အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန် ပြုလုပ်နေဆဲပင် ဖြစ်ပါသည်။

၂၀၁၈ ခုနစ် မေလ ၈ ရက်နေ့တွင် နစ်ဖက်တပ်ဖွဲ့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုတခု ဖြစ်ပွါးခဲ့ပါသည်။ အစိုးရစစ်တပ်မှ လက်နက်အပြည့်အစုံ တပ်ဆင်ကိုင်

ဆောင်ထားသော စစ်ကြောင်းတခုက ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော်(RCSS/SSA)တပ်ဖွဲ့ အခြေစိုက် လှုပ်ရှားနေသော ကျိုင်းတောင်း အရှေ့ဖက်ရှိ နယ်မြေဒေသတခုအတွင်းသို့ တစုံတရာ ကြိုတင်သတင်းပို့ အကြောင်းကြားခြင်းမရှိဘဲ ချဉ်း နင်း ဝင်ရောက်လာခြင်းသည် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အား ချိုးဖေါက်ရာ ရောက်နေသောကြောင့် ဖြစ်ပါသည်။

## ကျိုင်းတောင်း၏ နောက်ခံသမိုင်းကြောင်း

ကျိုင်းတောင်းသည် ရှေးခေတ် ရှမ်းစော်ဘွား မူရင်းနယ်မြေတခုဖြစ်သော မိုးနဲနယ်၏ လက်အောက်ခံမြို့နယ်တခု ဖြစ်ခဲ့သည်။ ယနေ့ခေတ်ကာလတွင် ကျိုင်းတောင်းသည် မိုးနဲ မြို့နယ်၏ မြို့နယ်ခွဲတခုဖြစ်နေပါသည်။ ကျိုင်းတောင်းနယ်မြေဒေသတွင် နေထိုင်သူများမှာ ရှမ်းလူမျိုးများဖြစ်ကြပြီး မြင့်မားသောတောင်တန်းနှင့် ထူထပ်သောသစ်တောကြီးများ ဝန်း ရံနေသည့် နမ့်တိန်းချောင်းမြစ်ဝှမ်း တောင်ကြားရှိ ကျေးရွာများတို့တွင် နေထိုင်နေကြလျက် ရှိပါသည်။

ကျိုင်းတောင်းသည် ရှမ်းလူမျိုးများအကြားတွင် ခွန်ဆမ်လော၏ မွေးရပ်ဇာတိမြေ အဖြစ် ထင်ရှားကျော်ကြားသည်။ နှစ်စဉ်နှစ်တိုင်း ဖေဖေါ်ဝါရီလတွင် နမ့်တိန်းမြစ်အနီးရှိ ခွန်ဆမ်လော၏မွေးရပ်ဇာတိရွာ ပါဆာရွာ၏ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည့် ခွန်ဆမ်လော၏ မွေးနေ့အခမ်းအနားသို့ ရှမ်းပြည်သူလူထု ရွာသားများစွာ ပါဝင်တက်ရောက် ဆင်နွှဲလေ့ရှိကြပါသည်။ ထို့ပြင် မတ်လတွင် နမ့်တိန်းမြစ်တလျှောက်တည်ရှိသော ဖတ်လစ် နှင့် ဝမ်နမ့်တုမ်ရှိ ရှေးဟောင်းဘုရား စေတီတို့၏ ဘာသာရေး အခမ်းအနား ပွဲတော်များကို အစဉ်အလာမပျက် နှစ်စဉ် ကျင်းပပြုလုပ်လျက် ရှိပါသည်။

ကျိုင်းတောင်းသည် မြို့တောင်ဖက် ၂၀ ကီလိုမီတာ အကွာတွင် တည်ရှိသည့် နမ့် တိန်းချောင်း၏ ဖုန်အန် ရေတံခွန်ကြီး (ရှမ်းဘာသာစကားအရ မြွေဟောက် ဟု အနက် အဓိပ္ပာယ်ရသည်။) ကြောင့်လည်း အထူးထင်ရှားကျော်ဇောပါသည်။ ရှမ်းပြည်တွင် အလှပ ဆုံး ရေတံခွန်အဖြစ် အများက အသိအမှတ်ပြုထားခြင်းခံရသည့် ဆွဲဆောင်မှုရှိလှသော ရှုခင်းသာနေရာ တခုလည်း ဖြစ်နေပါသည်။ ၁၉၉၆ - ၁၉၉၈ ကာလတွင် ရှမ်းပြည်အလယ်ပိုင်း နယ်မြေဒေသအတွင်း အစိုးရစစ်တပ်က ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင် ရေး ဆင်နွှဲခဲ့မှုကြောင့် ကျိုင်းတောင်း နယ်မြေဒေသသည်လည်း ထိခိုက် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ကျိုင်းတောင်း နယ်မြေဒေသအတွင်း မူလ ရှိရင်းစွဲ ကျေးရွာများမှ ရွာ

သားများတို့အား အတင်းမောင်းနှင်ထုတ်ကာ အလယ်ဗဟိုကျသည့် တုန်ဟုန်းရွာတွင် (ယခု မြို့နယ်ခွဲတခုဖြစ်နေသည်။) တည်ဆောက်ထားသော နေရာချထားရေးစခန်းသို့ ပြောင်းရွှေ့ အခြေချစေမှု ရွာများအား ရွှေ့ပြောင်းစေမှု တို့ကို အစိုးရစစ်တပ်က ပြုလုပ်ခဲ့ပါသည်။ ထို အထဲတွင် ခွန်ဆမ်လော၏ မွေးရပ်ဇာတိ ရွာဖြစ်သော ပါဆာရွာသည်လည်း အတင်းရွှေ့ ပြောင်းခံရသည့် ရွာများထဲတွင် ပါဝင်ခဲ့သည်။

ထိုမျှသာမက အစိုးရစစ်တပ်က ကျေးရွာသူ အမျိုးသမီးများအပေါ် လိင်အကြမ်း ဖက်မှုများ မုဒိမ်းပြုကျင့်မှုများ ကျူးလွန်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ပြန့်နှံ့နေခဲ့ပါသည်။ အသက် ၅ နှစ်အရွယ် ခလေးငယ်တယောက် အပါအဝင် အနည်းဆုံး အမျိုးသမီး ၇၀ ဦး တို့သည် အစိုးရစစ်တပ် စစ်သားများ၏ လိင်အကြမ်းဖက်မှုများ မုဒိမ်းပြုကျင့်မှုများ ခံခဲ့ကြ ရကြောင်း မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်[၂]။ ထို့ပြင် ရှမ်းခုခံတော်လှန်ရေး လက်နက်ကိုင်တပ် ဖွဲ့များအား ထောက်ပံ့အားပေးကူညီခဲ့သည် ဟု သံသယ ရှိသော ရွာသားအချို့တို့သည်လည်း အစိုးရစစ်တပ်၏ ဖမ်းဆီး ရိုက်နှက်နှိပ်စက်မှု တရားမဲ့ အကြမ်းဖက် သတ်ဖြတ်မှုဒဏ်တို့ကို ခံခဲ့ကြရသည် ဟု သိရှိရပါသည်။ ထိုဖြစ်ရပ်တို့သည် စစ်ဘေးဒဏ်သင့် ရှမ်းရွာသားများစွာတို့ အား ထိုင်းနိုင်ငံဖက်သို့ ထွက်ပြေး ခိုလှုံကြစေရန် တွန်းအားပေးလိုက်ခြင်းပင် ဖြစ်နေပါတော့ သည်။


ကျေးရွာရှိ သူ၏နေအိမ်ကို အစိုးရစစ်တပ်က မီးတင်ရှို့ဖျက်ဆီးခြင်း ခံခဲ့ရပြီးသည့် နောက် လုန်းမိင်း အသက် ၆၅ နှစ်သည် ၁၉၉၆ ခုနှစ်တွင် ပါဆာရွာမှ ထိုင်းနိုင်ငံသို့ ထွက် ပြေးလာခဲ့ရသူ တဦးဖြစ်သည်။ သူသည် ဇင်းမယ်ခရိုင် ဖန်မြို့နယ်ရှိ သစ်သီးခြံတခုအတွင်း ခိုလှုံမှုပြုပြီး ခြံစိုက်ပျိုးရေး ရွှေ့ပြောင်းအလုပ်သမားတဦးအဖြစ် ယနေ့ထိတိုင် လုပ်ကိုင် အသက်မွေးနေလျက်ရှိပါသည်။ *"ငါ အရာရာကို ဆုံးရှုံး လက်လွှတ်ခဲ့ရတယ် - ငါ့နေအိမ် ငါ့ခြံ ငါ့အိမ်မွေးတိရိစ္ဆာန်တွေ အားလုံးဘဲ - ရှမ်းပြည်က ငါ့ရွာမှာ အစိုးရစစ်တပ်တွေ ရှိနေသေး သမျှကာလပါတ်လုံး ငါပြန်သွားလိမ့်မှာ မဟုတ်ဘူး - ငါ့အနေနဲ့ နောက်တခါထပ်မံပြီး အား လုံးဆုံးရှုံးဦးမှာကို စွန့်စားပြုလုပ်ဖို့ မစဉ်းစားချင်တော့ဘူး"* ဟု လုင်းမိင်းက ပြောပြခဲ့ပါသည်။

ယခင်တချိန်က ရွာပေါင်း ၅၀ ကျော် ရှိခဲ့ဖူးသည့် ကျိုင်းတောင်း နယ်မြေဒေသအ တွင်း ယခုအခါ ရွာပေါင်း ၁၀ ရွာသာ ကျန်ရှိနေပါ တော့သည်။ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ သော မြန်မာစစ်တမ်းကောက်ယူချက် အစီရင်ခံစာပါ အချက်အလက်များအရ ကျိုင်းတောင်း

---

၂ Shan Human Rights Foundation and Shan Women's Action Network, 2002 report, Licence to Rape

မိုးနဲမြို့နယ်အတွင်း အတင်းရွှေ့ပြောင်းခံရသောရွာများ (၁၉၉၆–၁၉၉၈)



မြို့နယ်ခွဲ လူဦးရေ ၁၀၇၉၆ ဦးအနက် ၉၂.၅ ရာခိုင်နှုန်းတို့သည် မြို့ပြဒေသအတွင်း နေထိုင်လျက်ရှိကြပြီး လူဦးရေ ၈၀၅ ယောက်သာလျှင် ကျေးရွာဒေသများတွင် နေထိုင်နေလျက်ရှိကြသည် ဟု သိရှိရပါသည် [၃] ။

## ကျိုင်းတောင်းနယ်မြေအတွင်း အစိုးရစစ်တပ်၏ စစ်အင်အားတည်ဆောက်မှု

၁၉၉၆ ခုနှစ် မတိုင်မီကာလတွင် ကျိုင်းတောင်း နယ်မြေဒေသအတွင်း အခြေချတပ်စွဲထားခဲ့သော အစိုးရစစ်တပ်၏ စစ်စခန်းငယ် ၃ ခု သာလျှင် ရှိခဲ့ဖူးပါသည်။ ယခုအချိန်တွင်မူ ကျိုင်းတောင်း နယ်မြေဒေသအတွင်း၏ မိုင်းပန်အခြေစိုက် စစ်ဆင်ရေး ဌာနချုပ် အမှတ် ၁၇ လက်အောက်ခံ တပ်ရင်းများဖြစ်သည့် ခြေမြန်တပ်ရင်းအမှတ် ၅၆၉၊ ၅၇၆ နှင့် ၅၇၉ တို့အခြေချ တပ်စွဲထားလျက်ရှိနေပြီ ဖြစ်ပါသည်။ ထိုမျှသာမက မြို့၏အနောက်ဖက်တွင် အစိုးရစစ်တပ် လေ့ကျင့်ရေးတပ်စခန်း (ဒေသဆိုင်ရာ လေ့ကျင့်ရေး စစ်စခန်း အမှတ် ၃) တခုလည်း ရှိသေးသည်။

---

၃ The 2014 Myanmar Housing and Population Census, Shan State Linkhe district, Kengtaung Sub-township report, October 2017 presentation by Department of Population, Ministry of Labour, Immigration and Population

သို့ဖြစ်ရာ ၆ လလျှင်တစ်ကြိမ် စစ်လှေ့ကျင့်ရေး သင်တန်းတက်နေသော တပ်သားရာပေါင်းများစွာ အပါအဝင် ကျိုင်းတောင်း နယ်မြေဒေသအတွင်း၏ ခန့်မှန်းချေအားဖြင့် စုစုပေါင်းအစိုးရတပ်သား ၁၀၀၀ ကျော် ရှိနေပါသည်။ ထိုသို့ စစ်သားအရေအတွက် အမြောက်အများ ရောက်ရှိအခြေချနေခြင်းသည် ဒေသအတွင်း ကျား/မအချိုးအစား ပြောင်းလဲမှုကို ထင်ဟပ်ပြသနေလျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြန်မာစစ်တမ်းကောက်ယူမှတ်တမ်း အချက်အလက်များအရ အမျိုးသား ၁၂၂ နှင့် အမျိုးသမီး ၁၀၀ အချိုးရှိနေကြောင်း သိရှိရပါသည် [၄]။

ကျိုင်းတောင်းနယ်မြေဒေသအတွင်းအစိုးရစစ်တပ်က စစ်ရေးတိုးချဲ့ တည်ဆောက်မှုပြုနေခြင်းသည် သစ်ထုတ်လုပ်ရေး လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်နေကြသော စစ်တပ်၏မဟာမိတ် ပြည်သူ့စစ်တပ်ဖွဲ့ အချို့နှင့် စစ်တပ်၏ အပေါင်းအပါ ခရိုနီ ကုမ္ပဏီအချို့တို့ကို အစိုးရစစ်တပ်က အာဏာသုံးကာ လုပ်ပိုင်ခွင့်ပေးနေခြင်းနှင့်လည်း ဆက်နွယ်နေလျက်ရှိနေသည်ဟုလည်း သတင်းရရှိပါသည် [၅]။ ထို့ကြောင့် ၂၀၀၂ - ၂၀၀၆ ခုနှစ်အတွင်း ကျိုင်းတောင်း နယ်မြေဒေသအတွင်းရှိ ကျွန်းသစ် သစ်တော ဧရိယာ ဧကပေါင်းများစွာတို့သည် သစ်ခုတ် ထုတ်လုပ်မှုကြောင့် ထိခိုက် ပျက်သုန်းကုန်ကြရပြီ ဖြစ်ပါသည်။ ထိုနောက် နမ့်တိန်းမြစ်ပေါ်တွင် ဆည်တည်ဆောက်ရေးအတွက် ပြင်ဆင်တော့သည်။

## ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း

၁၉၉၆ - ၁၉၉၈ ခုနှစ် ကာလအတွင်း အစိုးရစစ်တပ်က ခြောက်သွေ့နယ်မြေဒေသအဖြစ် ဖန်တီးမှု စစ်ဆင်ရေး ဆင်နွှဲခဲ့ပြီးနောက် ပထမဦးဆုံး အကြီးစား ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းကို အစိုးရစစ်တပ်က နမ့်တိန်းမြစ်ပေါ်ရှိ ဇုန်အန် ရေတံခွန် နေရာတွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါသည်။


ထို ပထမ စီမံကိန်းကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၀၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ထိုကာလတွင် ထိုစီမံကိန်းလုပ်ဆောင်သည့် ကျိုင်းတောင်းနယ်မြေဒေသပတ်ဝန်းကျင်တဝိုက်၌ ရှမ်းခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ လှုပ်ရှားမှုများ ဆက်လက်ရှိနေဆဲပင် ဖြစ်သဖြင့် စီမံကိန်း၏ ဆောက်လုပ်ရေး လုပ်ငန်းများကို တင်းကြပ်သော လုံခြုံရေးအစီအစဉ်အောက်တွင် ပြုလုပ်ခဲ့ကြရခြင်းပင် ဖြစ်ပါသည်။

---

၄ ibid


၅ Shan Sapawa Environmental Organisation, 2006 report, Warning Signs: An update on plans to dam the Salween in Burma's Shan State

ထိုစီမံကိန်း တည်ဆောက်မှု ပြုနေဆဲကာလ ၂၀၀၆ ခုနှစ် ဩဂုတ်လနှင့် ၂၀၀၇ ခုနှစ် ဧပြီလအတွင်း စီမံကိန်းဆောက်လုပ်ရေး လုပ်ငန်းခွင်နေရာ အနီးတဝိုက်တွင် အစိုးရစစ်တပ် တပ်သားများက ဒေသခံ ရှမ်းရွာသူ အမျိုးသမီး ၃ ဦးတို့အား မုဒိမ်းပြုကျင့် သတ်ဖြတ်မှု ၃ မှု ဖြစ်ပွါးခဲ့ပါသည်။ မုဒိမ်းပြုကျင့် သတ်ဖြတ်မှုခံရသည့် သားကောင် ၂ ဦးမှာ ဗမာပြည်မှ လာရောက် အလုပ်လုပ်ကိုင်သည့် စီမံကိန်းလုပ်သား ၂ ဦးနှင့် အိမ်ထောင်ပြုထားသည့် ဒေသခံရှမ်းရွာသူ အမျိုးသမီးများ ဖြစ်ကြပါသည်။ အခြား သားကောင်တဦးမှာ ၁၉၉၆ ခုနှစ်တွင် မူလဇာတိရွာမှ အတင်းမောင်းနှင်ထုတ်ခံခဲ့ရသဖြင့် ထိုနယ်မြေဒေသသို့ ပြောင်းရွှေ့လာခဲ့သည့် အသက် ၄၀ အရွယ်ရှိ ရှမ်းအမျိုးသမီးတဦး ဖြစ်သည် ဟု ဆိုပါသည်။ ထိုအမျိုးသမီးသည် နမ့်တိန်းချောင်း မြစ်ကမ်းဘေးစားကျက်ထဲတွင် သူမပိုင်သားစုပိုင် နွားများကို ထိန်းကျောင်းနေစဉ် အစိုးရစစ်တပ် တပ်သားအုပ်စုတစုက သူမ၏နွားတကောင်အား သတ်ဖြတ်စားသောက်ရန် ဖမ်းဆီးဆွဲခေါ်သွားနေသည်ကို တွေ့လိုက်ရသဖြင့် လိုက်လံတားဆီးစဉ် အဆိုပါ အစိုးရစစ်တပ် တပ်သားများက သူမအား အုပ်စုလိုက် ဝိုင်းဝန်း မုဒိမ်းပြုကျင့်ခဲ့ကြပြီး သူမကိုပါ သတ်ဖြတ်ပစ်လိုက်သည် ဟု သိရှိရပါသည်။ ထိုအမျိုးသမီး၏ ရုပ်အလောင်းအား နွားအသေကောင်တကောင် အနီးတွင် တွေ့ရှိခဲ့ကြပါသော်လည်း ထိုဖြစ်ရပ်ကို မည်သူကမှ အာဏာပိုင်များထံသို့ သွားရောက် တိုင်ကြားဝံ့ခြင်းမရှိခဲ့ ဟု သတင်းရရှိပါသည်။




*ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၏မြေပုံ*

ပထမ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းတည်ဆောက်ပုံနည်းလမ်းမှာ ရေတံခွန်အပေါ်ရှိ ချောင်းရေအား ဖြတ်တောက်ပိတ်ဆို့ကာ ရေကို ရေလွှဲမြောင်းဖြင့် ရေတံခွန်၏ အနောက်ဖက် အောက်ခြေတွင် တပ်ဆင်ထားသော တာဘိုင်စက်များဆီသို့ပို့လွှတ်ပြီး တာဘိုင်ဘီးကြီးများအား ရေအားဖြင့် လည်ပတ်စေခြင်းပင်ဖြစ်သည် ဟု ဆိုပါသည်။ စီမံကိန်း၏ မူလရည်ရွယ်ချက်မှာ လျှပ်စစ်ဓါတ်အား ၅၄ မီဂါဝပ် (၃ x ၁၈) ထုတ်လုပ်နိုင်မည့် တာဘိုင်စက် ၃ လုံး တပ်ဆင်တည်ဆောက်ရေးပင် ဖြစ်သည့်အတိုင်း တာဘိုင်စက် ၃ လုံးအား တပ်ဆင်တည်ဆောက်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၈ ခုနှစ်မှစ၍ တာဘိုင်စက် တလုံးတည်းကိုသာ လည်ပတ်စေနိုင်ကာ လျှပ်စစ်အားထုတ်လုပ်နိုင်မှုမှာ စီမံကိန်းရည်မှန်းချက်အတိုင်း မပြည့်မီခဲ့ပါချေ။ ထို့ကြောင့် ထိုပထမ စီမံကိန်းမှာ ဒီဇိုင်းပုံစံညံ့ဖျင်းမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် နမ့်တိန်းမြစ်ပေါ်တွင် နောက်ထပ် ဆောက်လုပ်ဦးမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်စီမံကိန်းများသည် ဘာကြောင့်လိုအပ်သလဲဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်သည်။




*ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန်စနစ်ပုံ*

ကျိုင်းတောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းမှ ထွက်ပေါ်ရရှိလာသော လျှပ်စစ်စွမ်းအင်အား နမ့်စန်မြို့ရှိ အမျိုးသား လျှပ်စစ်ပါဝါလိုင်း ၁၃၂ ကေဗွီနှင့် ချိတ်ဆက် ပေါင်းစပ်မှုပြုမည် ဖြစ်သည်။ ထိုပထမ စီမံကိန်း၏ ရည်မှန်းချက်မှာ အစိုးရစစ်တပ်ပိုင် ဖက်စပ် စီးပွါးရေးလုပ်ငန်းတခုဖြစ်သည့် မြန်မာ့စီးပွါးရေး ကော်ပိုရေးရှင်းမှ လုပ်ကိုင်ဆောင်ရွက်နေ သော တောင်ကြီးမြို့အနီး ဟိုပုံးမြို့ရှိ ပင်းပက်သံမဏိစက်ရုံသို့ လျှပ်စစ်ဓါတ်အား ပို့လွှတ်ဖြန့် ဝေပေးရန်ပင် ဖြစ်ပါသည်။

## ကျိုင်းတောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း၏ အကျိုးသက်ရောက်မှုများ

### ◆ ရေတံခွန်များအား ထိခိုက်ပျက်စီးစေခြင်း

ကျိုင်းတောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း၏ ထင်ရှားမြင်သာဆုံးသော ဆိုးကျိုးသက်ရောက်မှုတခုမှာ နွေရာသီတွင် ဖုန်အန် ရေတံခွန်မှ ရေစီးဆင်းကျမှု လွန်စွာ လျော့ကျ နည်းပါးသွားခြင်းပင် ဖြစ်သည်။ ထိုရေတံခွန်သည် ပုံမှန်အချိန်တွင် အလွန်ထူးခြား လှပစွာ အပြိုင်သွယ်ဖြာကျဆင်းနေသော ရေတံခွန် ၇ သွယ်ဖြင့် ရှမ်းပြည်တွင် ဆွဲဆောင်နိုင် မှု အရှိဆုံး ရေတံခွန်ကြီးတခု ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရေအားလျှပ်စစ်ထုတ်လုပ်ရေး အတွက် ရေတံခွန်အပေါ်တွင် ရေလွှဲဆည်ဆောက်လုပ်၍ ရေစီးကြောင်းကို တာဘိုင်စက်များ ဆီသို့ ပြောင်းလဲ ပို့လွှတ်ခဲ့သဖြင့် မိုးရာသီတွင် ရေတံခွန် ၅ သွယ်သာ စီးကျနေပြီး နွေရာသီ ရေအားနည်းပါးချိန်တွင်မူ ရေတံခွန် ၂ သွယ်သာ ရေစီးကျနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နိုင်ပါသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကြောင့် နာမည်ကျော် ဖုန်အန် ရေတံခွန်ကြီး ထိုသို့ ထိခိုက်ပျက်စီးသွားခဲ့ခြင်းကြောင့် နယ်မြေဒေသခံများ အပါအဝင် ရှမ်းပြည်သူလူထုက စိတ်ကျေနပ်မှု မရှိသည်ကို သတိပြုမိကြသော အာဏာပိုင်များတို့သည် ဖေဖော်ဝါရီလရောက် တိုင်း နှစ်စဉ် ကျင်းပမြဲဖြစ်သော ခွန်ဆမ်လောမွေးနေ့ပွဲ အခမ်းအနားပြုလုပ်သည့်အချိန်တွင် ရေတံခွန်အထက်ဖက်ရှိ ရေတံခါးများအားဖွင့်ကာ ရေတံခွန်၏ မူလအလှကို ပြန်လည်ထုတ် ဖော်ပြသပြီး နှစ်သိမ့်ရန် ကြိုးစားခဲ့ကြပါသည်။ သို့သော် ပွဲတော် ပြီးဆုံးသွားသည်နှင့် ရေတံခါး များအား ချက်ချင်းပြန်လည်ပိတ်လိုက်သည်သာ ဖြစ်ပါသည်။





*အထက်  - ယခင်က ရေတံခွန်ရဲ့ လှပပုံ*
*အောက် - ယခု နွေရာသီအချိန်တွင် မြင်ရသောရေတံခွန်*

### ◆ ငါးမျိုးစိတ်များကို ပျက်စီး လျော့နည်းစေခြင်း

ကျိုင်းတောင်း နယ်မြေဒေသအတွင်း နမ့်တိန်းမြစ်ဝဲယာတလျှောက် ယခင်ရှေးကာလကတည်းက မျိုးဆက်ပေါင်းများစွာ နေထိုင်လာခဲ့ကြသော ရှမ်းရွာသားများတို့၏ ဘဝရှင်သန်ရေး စားဝတ်နေရေးအတွက် အသက်မွေးမှု ပြုကြရာတွင် နမ့်တိန်းမြစ်အတွင်း ငါးနှင့် အခြားရေနေသတ္တဝါများ ဖမ်းဆီးစားသုံးနေရခြင်းကို များစွာမှီခိုခဲ့ကြရပါသည်။ ရေအားလျှပ်စစ်စီမံကိန်းအတွက် ဆည်မတည်ဆောက်မီအချိန်က နမ့်တိန်းမြစ်အတွင်းမှ ပါကက်၊ ပါဝါ ဟတ်လျဲန် နှင့် ပါခေါ်ခွန်း စသော ငါးကြီးမျိုးများအပါအဝင် ငါးမျိုးစိတ် အမျိုးအစားပေါင်း ၂၀

ကျော်ခန့်တို့ကို ဖမ်းဆီးရမိလေ့ရှိခဲ့သည် ဟု ပြန်လည်ပြောပြခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ရေအားလျှပ်စစ်စီမံကိန်းအတွက် ဆည်တည်ဆောက်မှု ပြီးစီးသွားပြီး နောက်ပိုင်းကာလတွင်မူ သူတို့ဖမ်းဆီးရမိသော ငါးမျိုးစိတ် အမျိုးအစား အရွယ်အစားနှင့် ငါးအရေအတွက်အမျိုးအစားတို့မှာ ၆ မျိုးလောက်သာရှိပြီး ကောင်ကြီးများရှားပါးကုန်သည် ဟု ရွာသားများက ငြီးငြူကြသည်။



*နမ့်တိန်းမြစ်တွင် ဖမ်းမိသော ငါးကြီးတစ်ကောင် (ပုံ - ထိုင်းဒီမီယာ)*

## အထက် ကျိုင်းတောင်းဆည် ဆောက်လုပ်ရေး စီမံကိန်း

အထက် ကျိုင်းတောင်းဆည် ဆောက်လုပ်ရေးစီမံကိန်းကို ဒုတိယမြောက် စီမံကိန်းအဖြစ် ပထမဆည်၏ အထက်ဖက် ၄၀ ကီလိုမီတာတွင် ထပ်မံတည်ဆောက်ခဲ့သည်။ ထိုအထက် ကျိုင်းတောင်းဆည်သည် အမြင့် ၅၇ မီတာရှိသည့် ကျောက်ဖြည့်ဆည် အမျိုးအစားဖြစ်ပြီး ယင်း၏ရေဝေဧရိယာ လက်တံသည် ၁၅ ကီလိုမီတာ ရှည်လျားလိမ့်မည်။ အထက် ကျိုင်းတောင်းဆည်တွင် လျှပ်စစ်ဓါတ်အား ၅၁ မီဂါဝပ် ထုတ်လုပ်နိုင်မည့် တာဘိုင်

စက်များ တပ်ဆင်တည်ဆောက်မည် ဖြစ်သော်လည်း ပထမစီမံကိန်းကဲ့သို့ပင် အပြည့်အဝ ထုတ်လုပ်နိုင်စွမ်းရှိလိမ့်မည်မဟုတ်ဟု ခန့်မှန်းမှု ပြုနေကြပါသည်။

ထို အထက် ကျိုင်းတောင်းဆည်ကို နိုင်ငံတော်ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှု တည်ဆောက်ရေးအဖွဲ့ (နအဖ)၏ ဦးစီးမှုဖြင့် ၂၀၀၉ ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့သည်။ ထိုစီမံကိန်းကို လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ ငွေကြေးရံပုံငွေ အထောက်အပံ့ဖြင့် တည်ဆောက်မည်ဖြစ်သည် [၆] ။ နော်ဝေးနိုင်ငံမှ ရေအရင်းအမြစ်နှင့် စွမ်းအင်ညွှန်ကြားမှုဌာန (NVE) က ဆည်ဒီဇိုင်းပုံစံရေးဆွဲပေးခြင်းဖြင့် နော်ဝေးကျီယံ အင်ဂျင်နီယာနှင့် အထွေထွေအကြံပေးလုပ်ငန်း (Multiconsult)မှတဆင့် အထောက်အကူပြုသည် [၇] ။ Multiconsult သည် မြောက်ပိုင်းရှမ်းပြည် အလယ်ရဲရွာ ဆည်တည်ဆောက်ရေး စီမံကိန်းတွင်လည်း ပါဝင်ပတ်သက် အထောက်အကူပြုခဲ့ပါကြောင်း သိရှိရပါသည်။

နေပြည်တော်တွင် ၂၀၁၀ ခုနှစ် ဧပြီလက နအဖ နှင့် တရုတ်အစိုးရတို့အကြား ချုပ်ဆိုထားခဲ့သော နားလည်မှုစာချွန်လွှာ (MOU)အရ တရုတ်အစိုးရပိုင် ကုမ္ပဏီတခုဖြစ်သည့် တရုတ်အမျိုးသား နည်းပညာတင်သွင်း တင်ပို့ရေး ကော်ပိုရေးရှင်း (CNTIC) က အထက်ကျိုင်းတောင်းဆည်စီမံကိန်းအတွက် တာဘိုင်ဘီးများ လျှပ်စစ်ဂျင်နရေတာများနှင့် စက်ပစ္စည်းကိရိယာများတို့ကို ထောက်ပံ့ကူညီမှု ပြုလိမ့်မည်ဖြစ်သည်။


ထိုစီမံကိန်းအတွက် လုပ်သား ၁၈၀၀ ယောက်ခန့်အသုံးပြုရမည်ဖြစ်ပြီး လိုအပ်သော လုပ်သားတို့အား မင်းအနော်ရထာ ကုမ္ပဏီလီမိတက်၊ ဒရာကွန် အင်ပိုင်ယာအုပ်စု၊ မြန်မာ ဖန်ခါးမြေ ကုမ္ပဏီနှင့် မြန်မာ ချန်ဆယ်လာ ကုမ္ပဏီတို့က မြန်မာပြည်မတွင်းမှ ရှာဖွေခေါ်ယူ စုဆောင်းပေးလိမ့်မည်ဟု သိရှိရပါသည်။ စီမံကိန်းဆောက်လုပ်မည့် လုပ်ငန်းခွင်အနီးတွင် အစိုးရစစ်တပ်စခန်းတခုရှိပြီး ဆောက်လုပ်ရေးလုပ်ငန်း လုံခြုံရေးကို တာဝန်ယူပေးသည်။ ထိုစီမံကိန်းကြီးအား ၂၀၂၀ - ၂၀၂၁ ခုနှစ်တို့တွင် အပြီးသတ် ဆောက်လုပ်နိုင်လိမ့်မည် ဟု ခန့်မှန်းထားပါသည် [၈] ။

---

၆ https://www.ifc.org/wps/wcm/connect/f945c8bd-6e5a-4e79-a5c4-ff01d-7274d6a/1d+SEA+Workshop+(Yangon,+Myitkyina+and+Loikaw)+MOEE.pdf?-MOD=AJPERES

၇ www.multiconsultgroup.com/projects/tha-htay-upper-keng-tawng-hpp/


၈ http://www.moee.gov.mm/en/ignite/contentView/438




*ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း နှင့် ၄င်းအနီး အခြေစိုက်အစိုးရစစ်တပ်များ*



*ယခုလက်ရှိတည်ဆောက်နေသော အထက်ကျိုင်းတောင်းရေအားလျှပ်စစ်*




အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ရေလွှမ်းမည့်မြေဧရိယာ

## ထိတ်လန့် စိုးရိမ်စရာကောင်းသည့် အကျိုးဆက်များ



လင်းခေးမြို့နယ် ဝမ်ခိုအွတ် ဘုန်းကြီးကျောင်းနှင့်ကပ်လျက်ရှိသော မြစ်ကမ်းပါးပြိုကျပုံ

နမ့်တိန်းမြစ်တလျှောက်တွင် နေထိုင်လျက်ရှိကြသော ရွာသားများတို့သည်လည်း သစ်တောအလွန်အမင်း ပြုန်းတီးမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေကာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာသဖြင့် နမ့်တိန်းမြစ်၏ အခြေအနေကို ပိုမိုဆိုးဝါးစေရန် ခြိမ်းခြောက်ခြင်းခံနေရပြီး မိုးရာသီတွင် မြေပြိုမှု ရေလွှမ်းမိုးမှုနှင့် နွေရာသီတွင် ပူပြင်းခြောက်သွေ့မှု ဘေးဒဏ်အန္တရာယ်များ ကြိုတင်မမျှော်မှန်းနိုင်ဘဲ ကျရောက်ဖြစ်ပွါးကာ ပြည်သူလူထုတို့အား အကြီးအကျယ် ဒုက္ခကြုံတွေ့စေနိုင်သည်ကို ကောင်းစွာဆင်ခြင် သတိပြုမိကြပါသည်။ လွန်ခဲ့သော ၂၀၁၈ ခုနှစ် စက်တင်ဘာလ ပထမပါတ် ကာလအတွင်း မိုးကြီးသည်းထန်စွာ ရွာသွန်းရာမှ နမ့်တုမ်ချောင်း (နမ့်တိန်းမြစ်အတွင်း စီးဝင်သောချောင်းလက်တက်တခု) ရေကြီး ရေလျှံမှုဖြစ်ပေါ်ကာ ကျိုင်းတောင်းနယ်မြေ ဒေသအတွင်းရှိ ဟိုတာ့ရွာနှင့် နမ့်တုမ်ရွာတို့မှ လယ်စပါးနှင့် ဟင်းသီးဟင်းရွက် သီးနှံစိုက်ခင်း ဧက(၃၀၀)ကျော်ကို ထိခိုက်ပျက်စီး ဆုံးရှုံးမှုဖြစ်ပွါးစေခဲ့ပါသည်။




*လူသတ္တဝါအတွက် အလုပ်အကျွေးပြုသည့် နမ့်တိန်းမြစ်*

ယခုနှစ်၏ ပူပြင်းခြောက်သွေ့လွန်းသော နွေရာသီအချိန် မတ်လမှဧပြီလအတွင်းက ရေခန်းခြောက်မှုကြောင့် နမ့်တိန်းမြစ် ရေမျက်နှာပြင်သည် ယခင်နှစ်ကာလများထက် ပိုမို နိမ့်ဆင်းလျော့ကျလာခဲ့သဖြင့် မြစ်အလယ်တွင် ကျွန်းမြေနှင့်သောင်ပြင်များ အမြောက်အများ ပေါ်ထွန်းလာခဲ့သည်ကို မကြုံစဖူး တွေ့မြင်သိရှိခဲ့ကြရပါသည်။

ယနေ့ကာလတွင် လက်ရှိဖြစ်စဉ်အမျိုးမျိုးနှင့် အထက် ကျိုင်းတောင်းဆည်တို့၏ ဆိုးကျိုးဆက်ရလဒ်များကြောင့် သူတို့၏ တန်ဖိုးကြီးမားလှပြီး အကဲခတ်၍ ကျိုးပွဲ့လွယ်သော ရေအရင်းအမြစ်များ ထိခိုက်ပျက်စီး ဆုံးရှုံးသွားနိုင်သည့် အလားအလာရှိနေသည့် အခြေအနေကို နယ်မြေဒေသခံ ရွာသားများတို့သည် လွန်စွာစိုးရိမ်ကြောင့်ကြ နေကြလျက်ရှိပါသည်။ ဆည်ဆောက်လုပ်ရေးလုပ်ငန်းကြောင့် နမ့်တိန်းမြစ်တလျှောက်ရှိ သဘာဝရှုခင်း မြင်ကွင်း အလှများကို အရုပ်ဆိုး အကျည်းတန်သွားစေခဲ့ပြီးဖြစ်သည်သာမက ဆည်အောက်ဖက်ရှိ လှပသော တတ်မောက်ရေတံခွန်သည်လည်း လုံး၀ဥသုံ ဖျက်ဆီးခြင်း ခံခဲ့ရပြီးနောက် ဆည်တပိုက်ရှိ ချောင်းရေကြည်လဲ့လဲ့ တို့သည်လည်း ရွှံ့ နွံများကြောင့် နောက်ကျိသောနှုံးရေများ အဖြစ်သို့ ပြောင်းလဲသွားကုန်ခဲ့ရပြီ ဖြစ်ပါသည်။



*ယခင်က မြင်တွေ့ရသောတတ်မောက်ရေတံခွန်ပုံရိပ်*



ရေကာတာဆောက်လုပ်ရန် တတ်မောက်ရေတံခွန်ကို စတင်ဖျက်စီးသည့်ပုံရိပ်



ရေကာတာဆောက်လုပ်ခြင်းကြောင့် တတ်မောက်ရေတံခွန် လုံးဝဥသုံပျောက်ကွယ်သွားသည့်ပုံရိပ်

## ထိတ်လန့် စိုးရိမ်စရာ ကောင်းလှသည့် ဆိုးကျိုးသက်ရောက်မှုနှင့် ရလဒ်များ

### ◆ စိုက်ပျိုးမြေများအား ခြောက်သွေ့စေကာ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီးနိုင်ခြင်း

ဆည်ဆောက်လုပ်ပြီးစီး၍ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း စတင်လည်ပတ်သည်နှင့် လျှပ်စစ်လိုအပ်ချက်အလိုက် ရေစီးဆင်းမှုကို ဗဟိုအစိုးရမှ ထိန်းချုပ်လိုက်မည်။


နွေရာသီအချိန်တွင် နမ့်တိန်းမြစ်မှ ဆည်သို့ ရေစီးဆင်းမှုပမာဏမှာ ယုတ်လျော့ကျဆင်း နည်းပါးသွားတတ်လေ့ရှိသဖြင့် ထိုကာလတွင် လျှပ်စစ်စွမ်းအင် ပုံမှန်ဆက်လက်ထုတ်လုပ်နိုင်ရေးအတွက် ဆည်အာဏာပိုင်တို့အနေဖြင့် ရေကို ကြိုတင်သိုလှောင်ထားရန် လိုအပ်သည်မှာ မှန်ပါသည်။ သို့သော် ထိုကဲ့သို့ပြုလုပ်ခြင်းသည် နွေရာသီ မြစ်ရေကျဆင်းနည်းပါးချိန်တွင် ဒေသခံရွာသားများတို့၏ သီးနှံစိုက်ခင်းများအတွင်းသို့သွင်းရန် သို့မဟုတ် စုတ်တင်ရန် လိုအပ်နေသည့် ရေမလုံမလောက်မှုကို ဖြစ်ပေါ်စေခြင်းကြောင့် ကြက်သွန်ဖြူ ကြက်သွန်နီ ဗာဂျီးနီးယားဆေး စသော စိုက်ပျိုးသီးနှံပင်များကို ထိခိုက်ပျက်စီး ဆုံးရှုံးမှု ကြုံတွေ့ကြရသည်မှာ အလွန်ဆိုးဝါးလှသော ဆိုးကျိုးဆက်တခုပင် ဖြစ်နေပါတော့သည်။

စိုက်ပျိုးသီးနှံပင်များအတွက် လိုအပ်သည့် ဓါတ်ပစ္စည်း ကြွယ်ဝသော အနယ်အနစ်နုံးမြေ မြေမှုန်များအား ရေစီးကြောင်းနှင့်အတူ မျှောပါ စီးဆင်းကာ မြစ်အောက်ပိုင်းမှ စိုက်ပျိုးမြေများအား မြေဆီသြဇာများဖြည့်တင်းပေးနေမှုဖြစ်စဉ်ကို တည်ဆောက်လိုက်သောဆည်က ပိတ်ဆို့တားဆီးမှု ပြုလိုက်သဖြင့် သီးနှံများ ဖွံ့ ဖြိုးကြီးထွား ဖြစ်ထွန်းမှုကို သိသာစွာ ထိခိုက်စေပါတော့သည်။



*စိုက်ခင်းအတွင်းသို့ ရေသွယ်ပို့ဆောင်သည့် နမ့်တိန်းမြစ်အတွင်းက ရေဒလက်(ရစ်ပေါင်း)*









နမ့်တိန်းမြစ်နှင့် ငှင်းမြစ်ကိုမှီသင်းရသော မျိုးစေ့ပင်များ

Photo: SHRF

◆ **ရေအရည်အသွေး ကျဆင်းခြင်းကြောင့် ပြည်သူလူထု ကျန်းမာရေးအတွက် အန္တရာယ် မြင့်မားစေနိုင်ခြင်း**

ဆည်ရေလှောင်ဧရိယာအတွင်း ကြာမြင့်စွာ သိုလှောင်ထားသော ရေများထဲတွင် ဆွေးမြေ့ပုတ်သိုးနေသည့် ရေအောက်ပေါက်ပင် အစိတ်အပိုင်းများ ပါဝင်နေလေ့ရှိသဖြင့် ရေအရည်အသွေး ညံ့ဖျင်းတတ်သည်။ ထို့အပြင် မြစ်ချောင်းအထက်ပိုင်းမှ မိုးရေနှင့်အတူ ဆေးကြောချလိုက်သော ပိုးသတ်ဆေး ဓါတုဗေဒ ပေါင်းသတ်ဆေးတို့မှ အဆိပ်အတောက်များ ပေါင်းစပ်ပါဝင်နေမှုသည် သိုလှောင် ရေ၏သန့်စင်သည့် သဘာဝအခြေအနေကို ဆိုးဝါးစွာ ပြောင်းလဲစေလေ့ရှိပါသည်။

မြန်မာနိုင်ငံ အခြားဒေသရှိ ဆည်များ၏ အောက်ဖက်ပိုင်းတွင် နေထိုင်ကြသည့် လူထုအသိုက်အဝန်းတို့မှ လူများက ဆည်များမှ ထုတ်လွှတ်လိုက်သောရေများသည် ညစ်ညမ်း၍ အနံ့ဆိုးများလည်း ရှိတတ်ကြသည် ဟု ဆိုတတ်ကြပါသည်။ ထိုရေတို့သည် ငါးနှင့် ရေသတ္တဝါ မျိုးစိတ် အမျိုးအစားများ အရေအတွက်များတို့ကို ပျောက်ကွယ် လျော့နည်းစေသည့်အပြင် လူသားတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေသည် ဟု ဆိုကြပါသည် [၉] ။





*ရွာသူရွာသားများအား အကျိုးပေးနေသော နမ့်တိန်းမြစ်*

---

၉ Kachin Development Networking Group, Saving the Ngo Chang Hka Valley, 2017




*ချိုးရေနှင့် ချက်ပြုတ်သုံးဆောင်ရန် ကြည်လင်သော နမ့်တိန်းမြစ်*




*အိမ်သို့သုံးဆောင်ရန် နမ့်တိန်းမြစ်တွင် ရေခပ်ဆင်းသည့် ရွာသူရွာသားများ၏ပုံရိပ်*

နမ့်တိန်းမြစ်တလျှောက် နေထိုင်ကြသည့်ရွာသားများ အထူးသဖြင့် အမျိုးသမီးများ တို့သည် မြစ်ရေကို အစားအစာများ ချက်ပြုတ်ရန်၊ အဝတ်များ လျှော်ဖွတ်ရန်၊ အသုံးအဆောင် များ ဆေးကြောသန့်စင်ရန်နှင့် ချိုးရန် နေ့စဉ် အသုံးပြုနေလျက်ရှိကြပါသည်။ ထို့ကြောင့် သူတို့သည် မြစ်ရေအရည်အသွေးကျဆင်းမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်သည့် ဘေး အန္တရာယ်ကို ပိုမိုရင်ဆိုင်နေကြရသူများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ◆ ငါးမျိုးစိတ်များကို ပိုမိုပျက်စီး ဆုံးရှုံး လျော့နည်းပျောက်ကွယ်စေခြင်း

အထက်အပိုဒ်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ပထမ ကျိုင်းတောင်းဆည် စီမံကိန်းသည် နမ့်တိန်းမြစ်အတွင်းရှိ ငါးမျိုးစိတ် အမျိုးအစားများနှင့် ငါးအရေအတွက်များတို့ကို သိသာထင်ရှားစွာ ပျောက်ကွယ် လျော့နည်းစေခဲ့သည်မှာ မငြင်းနိုင်သော အချက်တခုပင် ဖြစ်သည်။ အကယ်၍ မြစ်ရေအရည်အသွေး ကျဆင်းစေမှု၊ ငါးများ၏ မျိုးပွါးသားပေါက်ရာ နေရာများအား ပျက်စီးစေမှု၊ ငါးများ၏ ရွှေ့ပြောင်းသွားလာကျက်စားသော သဘာဝလမ်း ကြောင်းများအား ပိတ်ဆို့မှုများတို့ကို အထက် ကျိုင်းတောင်းဆည်က နောက်ထပ်တဖန် ဆိုးဝါးစွာ ထပ်မံဖြစ်ပွါးစေပါက ငါးမျိုးစိတ်များကို ပိုမိုပျက်စီး ဆုံးရှုံးလျော့နည်းပျောက် ကွယ်စေခြင်းပင် ဖြစ်ပေလိမ့်မည်။

## ◆ ရေတံခွန်များ ထိခိုက်ပျက်စီးကာ ပျောက်ကွယ်သွားစေနိုင်ခြင်း

လက်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်ရေးစီမံကိန်း ပထမဆည်၏ ဆိုးကျိုးဆက် များကြောင့် နမ့်တိန်းမြစ်ပေါ်ရှိ ဖုန်အန် ရေတံခွန်ကြီး သိသာထင်ရှားစွာ အသက်ငင်နေပြီဖြစ် သည့် ရလဒ်ကို မြင်တွေ့နေကြရသော ကျိုင်းတောင်း ပြည်သူလူထုနှင့် နယ်မြေဒေသခံ ရွာ သားများက အကယ်၍သာ အထက် ကျိုင်းတောင်းဆည် ထပ်မံတည်ဆောက်ပြီးစီးသွားသည့် နောက်ပိုင်းတွင် သူတို့ချစ်မြတ်နိုး တန်ဖိုးထားသော ဒေသအမှတ်သင်္ကေတ ရေတံခွန်ကြီး အပြီးအပိုင် လုံးဝပျက်စီးပျောက်ကွယ်သွားမည်ကို အထူးစိုးရိမ်ထိတ်လန့်ပူပန်နေကြလျက် ရှိပါသည်။

## ◆ ကြိုတင်မသိနိုင်သော ရေထုတ်လွှတ်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း

ဆည်များမှ ရေထုတ်လွှတ်မှုနှင့် ယင်း၏ အကျိုးဆက်တို့ကို ကြိုတင်ခန့်မှန်းတွက်ဆနိုင်စွမ်း မရှိပါချေ။ ရေပမာဏ များပြားစွာ ရုတ်တရက် ထုတ်လွှတ်လိုက်ခြင်းကြောင့် ရေတိုက်စားမှု မြစ်ရေအတိမ်အနက် မြစ်ချောင်းရေစီးလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပွါးလာကာ ဆည်အောက်ဖက်ပိုင်းရှိ လမ်း တံတား မြို့ ရွာ နေအိမ်များ ပြည်သူများတို့ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ သာဓကအားဖြင့် တရုတ်ပြည်တွင် လုံကျန်ဆည်ဆောက်လုပ်ပြီးစီးပြီး နောက်ပိုင်း ၂၀၁၀ ခုနစ်ကာလ၌ ရှမ်းပြည်မြောက်ပိုင်း နမ့်မောဝ် (ရွှေလီမြစ်) အောက်ဖက် တလျှောက် နေထိုင်နေကြသော ရွာသားများတို့သည် မမျှော်လင့်ဘဲ သူတို့နယ်မြေဒေသများ ရေလွှမ်းမိုးခြင်း သူတို့၏ စက်လှေများ မကြာခဏသောင်တင်ခြင်းတို့ကို ကြုံတွေ့လာခဲ့ကြရပါတော့သည် [၁၀] ။

ဆည်အထက်ပိုင်းဒေသ၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဆည်ရေလှောင်ဧရိယာတခုအတွင်း ရေများအလွန်များပြားလာလျှင် ဆည်ပြိုကျ ကျိုးပျက်မှုကို ကာကွယ်နိုင်ရေးအတွက် ကြီးမားသော ရေပမာဏကို ချက်ချင်းဖွင့်ထုတ်ပစ်လိုက်ကြရလေ့ရှိပါသည်။ ဥပမာ ကချင်ပြည်နယ် ချစ်ဖီးယ်ဆည် ရေလှောင်ဧရိယာအတွင်းမှ ရေပမာဏများပြားစွာတို့ကို ရုတ်တရက် ဖွင့်ဖေါက် ထုတ်လွှတ်လိုက်ရခြင်းကြောင့် ဆည်အောက်ဖက်ပိုင်းရှိ စိုက်ပျိုးခင်းများ သီးနှံပင်များတို့ကို ရေလွှမ်းမိုးကာ ထိခိုက်ပျက်စီး ဆုံးရှုံးစေခဲ့ဖူး ပါသည် [၁၁] ။

## ◆ ဆည် ပြိုကျ ကျိုးပျက်မှုရှိနိုင်ခြင်း

၂၀၁၈ ခုနစ် ဇူလိုက်လက လောနိုင်ငံနှင့် ဩဂုတ်လက မြန်မာနိုင်ငံ ဆွာ တွင် ဖြစ်ပွါးခဲ့သည့် ဆည်ကျိုးပေါက်မှု ဖြစ်ရပ်တို့ကြောင့် နမ့်တိန်းချောင်းတလျှောက် နေထိုင်နေကြသည့် နယ်မြေဒေသခံ ရွာသားများတို့အား စိုးရိမ်ထိတ်လန့်မှုများ မြင့်တက်စေခဲ့ပြီး အထက် ကျိုင်းတောင်းဆည် ခိုင်မြဲတည်ငြိမ်မှုရှိစေရေးကို အာရုံစိုက်လာစေခဲ့ပါတော့သည်။ အကယ်၍ မိုးကြီးသည်းထန်စွာရွာသွန်းခြင်းကြောင့်အထက်ကျိုင်းတောင်းဆည်ကျိုးပေါက်ပြိုကျခဲ့ပါလျှင် ဆည်အောက်ဖက် ကျိုင်တောင်းနယ်မြေဒေသများတွင် နေထိုင်လျက်ရှိကြသည့် ရွာသား ၈၀၀၀ ကျော်တို့အတွက် ဘေးဒုက္ခကြုံတွေ့ရစေမည့် အန္တရာယ်များ ရှိနေပါသည်။

---

၁၀ https://burmariversnetwork.org/title/resources/publications/high-and-dry.html

၁၁ https://www.ifc.org/wps/wcm/connect/d31f99b4-4a2a-4fe3-a3c7-5c21a7904b18/SDF+Main+Report_May+21_For+Stakeholder+Review_English.pdf?MOD=AJPERES

အစိုးရ အာဏာပိုင်များက ပြည်သူတို့အတွက် ဘေးကင်းလုံခြုံရေးကို ဦးစားပေး စဉ်းစားခြင်း အလျဉ်းမရှိဘဲ ဆည်တည်ဆောက်ရေး စီမံကိန်းတွင်သာ အာရုံစိုက် စိတ်ဝင်စားမှု ရှိနေသည်ကို နားလည် သဘောပေါက် သိမြင်နေကြသော ကျိုင်းတောင်းနယ်မြေ ဒေသခံ ရွာသားများတို့သည် ဆည်ဆောက်လုပ်ရေး အဆင့်အတန်းအပေါ် ယုံကြည်မှု အလွန်နည်းပါးနေကြလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## ပြည်ထောင်စုအစိုးရ ဗဟိုပြုစွမ်းအင်စီမံကိန်းနှင့် နိုင်ငံခြားရင်းနှီးမြှုတ်နှံမှုတို့က ပဋိပက္ခ ပိုမိုကြီးထွား ကျယ်ပြန့်လာရန် လောင်စာဆီ လောင်းထည့်နေခြင်း

အထက် ကျိုင်းတောင်းဆည်စီမံကိန်းသည် မြန်မာအစိုးရ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ ဆည်ကြီးပေါင်း ၅၀ တည်ဆောက်ရေး စီမံကိန်းများထဲမှ တခုဖြစ်ပါသည်။ ထိုဝန်ကြီးဌာန၏ ရည်မှန်းချက်မှာ အမျိုးသားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးကို လက်ရှိ ၃၀၀၀ မီဂါဝပ်မှ ၄၅၀၀၀ မီဂါဝပ်သို့ တိုးမြှင့်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချရေးပင် ဖြစ်ကြောင်း သိရှိရပါသည်။

ဆည်စီမံကိန်းအများစုတို့သည် နိုင်ငံရေးပဋိပက္ခအပေါ် အခြေပြု၍ အစိုးရစစ်တပ်နှင့် တိုင်းရင်းသား ခုခံတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ခိုက်နေသည့် ဆယ်စုနှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီဖြစ်သော ပြည်တွင်းစစ်ဖြစ်ပွါးနေရာ နယ်မြေဒေသများအတွင်း တည်ရှိနေပါသည်။ မြန်မာဗဟိုအစိုးရက တိုင်းရင်းသားနယ်မြေအတွင်းရှိ သဘာဝ အရင်းအမြစ် သယံဇာတများတို့ကို ခေါင်းပုံဖြတ်အမြတ်ထုတ် မတရားလုယူအသုံးချနေခြင်းသည် လည်း တိုင်းရင်းသားလူမျိုးများတို့၏ မကျေမနပ်ဖြစ်မှုကို ပိုမိုကြီးမား လာစေသော အကြောင်းအချက်တခုပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားနယ်မြေဒေသအတွင်း အစိုးရက ဆည်များ ဆက် လက်တည်ဆောက်မှု ပြုနေခြင်းသည်လည်း ပြည်တွင်းစစ်ကို ပိုမိုသက်တမ်းရှည်ကြာစေရန် တိုက်ရိုက်လောင်စာဆီလောင်းပေးလိုက်သကဲ့သို့ပင် ဖြစ်နေပါတော့သည်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း လုပ်ငန်းအတွက် ငွေကြေး ရင်းနှီးမြှုတ်နှံသူများ (နိုင်ငံအစိုးရနှင့် ပုဂ္ဂလိက နှစ်မျိုးစလုံး)တို့က အခွင့်အလမ်းကို အမိအရ ဖမ်းဆုပ်၍ မြန်မာအစိုးရ အစိုးရစစ်တပ် အုပ်စုတို့နှင့် ပါတနာများ အဖြစ် လက်တွဲကာ ပြည်တွင်းစစ်ဖုံနယ်အတွင်း ဆည်များ တည်ဆောက်နေခြင်းကို ထိထိရောက်ရောက် တားဆီးမှု မပြုနိုင်သော အချက်မှာ အလွန်ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပါသည်။

လက်ရှိ နှစ်ကာလများအတွင်း မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်းများ အတွက် ပိုမိုတိုးပွါးများပြားလာနေသော ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုနေကြသူအများစုတို့သည် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ပံ့ကူညီမှုပေးရေးကို အကြောင်းပြု ဝင်ရောက်လုပ် ကိုင်လာသော အနောက်နိုင်ငံများမှ ဖြစ်နေကြသည်ကို လေ့လာ တွေ့ရှိရပါသည်။

ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာငွေကြေး ကော်ပိုရေးရှင်း(IFC) သည် ပဋိပက္ခတိုးပွါးစေ နိုင်သည့် အချက်ကို လျစ်လျူရှုပြီး နယ်မြေဒေသခံ လူထု အသိုက်အဝန်းထက် ရင်းနှီးမြှုပ်နှံ သူများ၏ အကျိုးပြုနေသည်ကို ထင်ရှားမြင်သာစွာ ထောက်ခံနေလျက် ရှိပါသည်။ မြန်မာ့ ရေအားလျှပ်စစ်စွမ်းအင် အခန်းကဏ္ဍနှင့် ပါတ်သက်၍ ဩစတေးလျ အစိုးရ၏ ရံပုံငွေအ ထောက်အပံ့ဖြင့်(IFC)က မကြာခင်က ပြုလုပ်ခဲ့သော မဟာဗျူဟာမြောက်သဘာဝပတ် ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု အစီရင်ခံစာထဲတွင် နမ့်တိန်းမြစ်ဝှမ်းဒေသသည် "ပဋိပက္ခစံနှုန်း အလွန်မြင့်မားသောဒေသ" ဖြစ်နေပါသော်လည်း နမ့်တိန်းချောင်း မြစ်ဝှမ်း ဒေသအား "ရေအားလျှပ်စစ်စွမ်းအင် ဖွံ့ဖြိုးရေးအတွက် ဦးစားပေး ရွေးချယ်ရမည့် မြစ်ဝှမ်း တခုအဖြစ် သတ်မှတ်သင့်ကြောင်း" ရေးသားဖော်ပြထားပါသည် [၁၂] ။

## နိဂုံးချုပ် မှတ်ချက်နှင့် အကြံပေးအဆိုပြုချက်များ

အထက်ကျိုင်းတောင်းဆည်ဆောက်မှုသည် လူမှုရေးနှင့် ပတ်ဝန်းကျင်ကို ပြန်ပြင် ၍မရသော ထိခိုက်မှုကြီးကို ဖြစ်စေမည့်ကိစ္စရပ်ဖြစ်သည်။ နမ့်တိန်းချောင်းတလျှောက်ရှိ ကျေးရွာများတွင် နေထိုင်လျက်ရှိကြသည့် ရွာသားထောင်ပေါင်းများစွာတို့အပေါ် ထိခိုက်နိုင် သည်။ သို့သော်လည်း ယနေ့ထိတိုင် ထိုရွာသားများအနေဖြင့် ဆည်တည်ဆောက်ရေး ကိစ္စ နှင့် ပါတ်သက်၍ ပါဝင်ပြောဆိုပိုင်ခွင့် တစုံတရာမှ မရရှိခဲ့ပါချေ။

အဖြစ်မှန်နှင့်ဆန့်ကျင်ကွဲပြားစွာ တခြားစီဖြစ်နေသော အချက်တရပ်မှာ အစောပိုင်း က ပထမ ကျိုင်းတောင်းစီမံကိန်းနှင့် ယခု ဒုတိယမြောက် ဆည်သစ် နှစ်ခုစလုံးတို့အား ကျူး ကျော်ဝင်ရောက်လာသည့် အစိုးရစစ်တပ်က ရှမ်းပြည်အတွင်း ပြည်တွင်းစစ် ဆက်လက်ဆင်နွှဲ တိုက်ခိုက်သွားရေးနှင့် ရှမ်းပြည်အတွင်း အတည်တကျ အခြေချနေထိုင်ခဲ့ကြသော ဌာနေ တိုင်းရင်းသားများတို့ကို နှိပ်ကွပ်ရေးအတွက် အသုံးချရန် တမင်ရည်ရွယ်ချက်ဖြင့် အတင်း အကြပ်ပြု ဆောက်လုပ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

---

၁၂ https://www.ifc.org/wps/wcm/connect/d31f99b4-4a2a-4fe3-a3c7-5c21a7904b18/SDF+Main+Report_May+21_For+Stakeholder+Review_English.pdf?MOD=AJPERES

ကြီးမားသော ဘေးဒုက္ခအန္တရာယ်ဆိုးကျိုးဆက်များ ကြုံရဖွယ် အလားအလာရှိနေသည့် ဆည်များတည်ဆောက်ရေးအား ဆက်လက် လုပ်ဆောင်နေခြင်းသည် ဗဟိုအစိုးရနှင့် အစိုးရစစ်တပ်တို့အပေါ် နယ်မြေဒေသခံ လူထု၏ မကျေနပ်မှုများ ပိုမိုကြီးမား ကျယ်ပြန့်လာစေရန် စိမ်ခေါ်လိုက်ရာကျနေသည်သာမက ရှမ်းပြည်အတွင်း ဆယ်စုနှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီးဖြစ်သော ပြည်တွင်းစစ် ပဋိပက္ခအား ပိုမိုလောင်မြိုက်ရန် မီးထိုးပေးလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

## ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အောက်ပါအတိုင်း အကြံပြုလိုပါသည်။

### မြန်မာအစိုးရ သို့ -

အထက် ကျိုင်းတောင်းဆည်နှင့် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် ပဋိပက္ခများဖြစ်ပွါးနေသည့် နယ်မြေဒေသအတွင်း အခြားသော ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆည်ကြီးများ ဆောက်လုပ်နေခြင်းအား ချက်ချင်းရပ်တန့်ရန်။ လက်ရှိ ပဋိပက္ခများအား ငြိမ်းချမ်းသော နည်းလမ်းဖြင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်း အဖြေရှာကာ စစ်မှန် ပီပြင်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို ဖေါ်ဆောင်ကျင့်သုံးလာနိုင်ကာ ဒေသခံပြည်သူလူထုအသိုက်အဝန်းအား သူတို့ပိုင်ဆိုင်ကြသည့် သူတို့နှင့်တိုက်ရိုက်သက်ဆိုင်သည့် သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ဆုံးဖြတ်ပိုင်ခွင့်အာဏာနှင့် ပါဝင်ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရရှိလာသည့် အချိန်မှသာလျှင် ထိုကဲ့သို့သော အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းမျိုးများတို့ကို ဆုံးဖြတ် အကောင်အထည်ဖေါ်စေသင့်ပါကြောင်း တိုက်တွန်း တောင်းဆို အကြံပြုလိုပါသည်။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစနစ်၊ လေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစနစ်နှင့် အသေးစား ရေအားသုံး လျှပ်စစ်ထုတ်လုပ်ရေးစနစ် စသော အခြားရွေးချယ်နိုင်သည့် နည်းလမ်းများကို အစိုးရမှ ထောက်ပံ့အားပေး၍ အသုံးပြုသွားစေခြင်းအားဖြင့် လူထုအသိုက်အဝန်းမှ ပိုင်ဆိုင်၍ သူတို့လိုအပ်ချက် နှင့်အညီ သူတို့ကိုယ်တိုင် စီမံခန့်ခွဲမှုပြုနိုင်သော စနစ်နည်းလမ်းများအဖြစ်သို့ ဦးတည်ပြောင်းလဲမှု ပြုသွားရန်။

### နိုင်ငံခြားအစိုးရများ ရေအားလျှစ်စစ်ထုတ်လုပ်ရေး လုပ်ငန်း ကုမ္ပဏီများ သို့ -

အထက် ကျိုင်းတောင်းဆည်တည်ဆောက်ရေးစီမံကိန်းတွင် နည်းပညာဆိုင်ရာ အထောက်အကူနှင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်နေလျက်ရှိသည့် နော်ဝေးနိုင်ငံ အပါ

အဝင် နိုင်ငံအချို့နှင့် နိုင်ငံခြားရပ်ခြား အကူအညီ စေတနာရှင် ငွေကြေး အထောက်အပံ့ဒါနရှင်များတို့အား အလေးအနက် တိုက်တွန်း တောင်းဆို မေတ္တာရပ်ခံလိုသည့်အချက်မှာ မြန်မာနိုင်ငံတွင် အားပြိုင်မှုကြီးမားကာ ပဋိပက္ခများပြားသော နယ်မြေဒေသအတွင်း ကြီးမားသောဆည်များ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတို့အတွက် နည်းပညာအဆင့်မြှင့်တင်ပေးမှု အကူအညီနှင့် ငွေကြေး ထည့်ဝင်ရင်းနှီးမြှုတ်နှံမှု မှန်သမျှတို့အား ချက်ချင်း ရပ်တန့်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တိုက်တွန်းတောင်းဆိုချက်ကို လျစ်လျူရှုကာ ပြည်သူလူထုတို့၏ယုံကြည်မှုနည်းပါးသည့် ရိုးသားပွင့်လင်းမြင်သာမှုမရှိသော အစိုးရနှင့်အစိုးရစစ်တပ်တို့၏ဆည်တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းများအား ထောက်ခံအားပေးနေခြင်းသည် ဖြစ်စဲပဋိပက္ခများကို ပိုမိုကြီးမားကျယ်ပြန့်လာစေရန် လောင်စာဆီလောင်းသလိုဖြစ်နေမည့်အပြင်ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအဖြေရှာနေသည့် လုပ်ငန်းစဉ်အပေါ် ဆန့်ကျင်သည့်သဘောထားကို တိုက်ရိုက်ဖော်ပြခြင်းသာ ဖြစ်သည်။



ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် နှင့် ရှမ်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
မှ ထုတ်ဝေသည်